# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်နေ့ | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၄၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပေါင်မြို့နယ်အတွင်းရှိ နွေစပါးစိုက်ခင်းတစ်ခင်းကို တွေ့ရစဉ်။

## ပေါင်မြို့နယ်အတွင်း ယခုနှစ် နွေစပါးစိုက်ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး စပါးအထွက်နှုန်းကောင်းစေရေး တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ပေါင် ဖေဖော်ဝါရီ ၂၃

နွေသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန်နှင့် ဒေသတွင်း ဆန်ဖူလုံ ပိုလျှံစေရေးအတွက် နွေစပါးစိုက်ပျိုးခြင်းဖြစ်ပြီး ဆည်ရေ၊ သဘာဝဝင်ရေ၊ ချောင်းပိတ်၊ မြောင်းပိတ်၍ ရေစုပ်စက်စနစ်တို့ဖြင့် စိုက်ပျိုးရေကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဖေဖော်ဝါရီ ၂၃ ရက်အထိ နွေစပါးစိုက်ဧက ၂၀၆၄၆ ဧက စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပေါင်မြို့နယ်သည် နွေစပါးစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းမှုရှိသောကြောင့် နှစ်စဉ် နွေသီးနှံစိုက်ပျိုးရာသီတွင် တောင်သူအများစုသည် နွေစပါးကို အားထားစိုက်ပျိုးကြသည်။ ဒေသခံတောင်သူများကိုလည်း နွေစပါးစိုက်ပျိုးရာတွင် အထွက်နှုန်း တိုးတက်စေရေးအတွက် စိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ ပိုးမွှားရောဂါ


*စာမျက်နှာ ၃ ကော်လံ ၅* ❖


## မန္တလေးမြို့၌ EV သုံးဘီးဆိုင်ကယ်များ အသုံးပြုရန် စိတ်ဝင်စားမှုများပြားနေ



ရန်ကုန် ဖေဖော်ဝါရီ ၂၃

သုံးဘီးဆိုင်ကယ်ကို အများဆုံးအသုံးပြုနေသည့် မြို့ကြီးတစ်မြို့ဖြစ်သော မန္တလေးမြို့တွင် EV သုံးဘီးဆိုင်ကယ်များကို အသုံးပြုရန်အတွက် စိတ်ဝင်စားမှုမြင့်တက်နေကြောင်း Royal La Min Ta Yar ကုမ္ပဏီမှ သိရသည်။

လက်ရှိတွင် EV Loujia က လိုင်စင်ပါ လုပ်ငန်းသုံး သုံးဘီးဆိုင်ကယ်များကို ရောင်းချရန် စီစဉ်နေခြင်းဖြစ်ပြီး ကနဦး


*စာမျက်နှာ ၃ ကော်လံ ၅* ◆



ယနေ့ မာ တိ ကာ

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက် — ပြည်တွင်းသတင်း — စာ ၉

အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုဆိုင်ရာ ဖမ်းဆီးရမိခဲ့မှုအခြေအနေ၊ AA သောင်းကျန်းသူများမှ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်နေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက် — ပြည်တွင်းသတင်း — စာ ၁၀





# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်ကြည့်ရှုအားပေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၃) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့တွင် နေပြည်တော် ခုတင်(၁၀၀၀) အထွေထွေရောဂါကု ဆေးရုံကြီး၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

စုပေါင်းသွေးလှူဒါန်းပွဲတွင် နေပြည်တော်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် စေတနာသွေးလှူရှင် စုစုပေါင်း ၆၀ တို့က စုပေါင်းသွေးလှူဒါန်းကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနကြီးမှူးများ၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး အားဖြည့်စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက လက်ခံရယူပြီး အမှတ်တရ လက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တနင်္သာရီ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ သက်ဆိုင်ရာ ဆေးရုံများနှင့် သွေးဌာနများတွင် ကျင်းပပြုလုပ်ခဲ့ပြီး စုစုပေါင်း သွေးလှူရှင် ၄၀၆ ဦး ပါဝင်လှူဒါန်းခဲ့ကာ စုပေါင်းသွေးလှူဒါန်းမှုများကို ၂၀၁၆ ခုနှစ်မှ စတင်စီစဉ်ဆောင်ရွက်ခဲ့ရာ ယခုအခါ (၁၃) ကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

မြန်မာတို့၏ ၁၂ လ ရာသီများအနက် တပို့တွဲလတွင် မြန်မာ့ရိုးရာဓလေ့ဖြစ်သည့် စုပေါင်းအားဖြင့် ပြုလုပ်ရသော မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးစဉ်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပဥ္စမအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ပဥ္စမအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ရုံးအမှတ် (၅၅) ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်နိုင်နှင့် ဒေါက်တာလင်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**ပျော်ရွှင်စွာအားပေး**

ထမနဲထိုးပြိုင်ပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ဌာနများမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်ကြပြီး ဝန်ထမ်းများက အိုးစည်ဒိုးပတ်များဖြင့် ပျော်ရွှင်စွာ အားပေးကြသည်။

**ဆုချီးမြှင့်**

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသည့် ငွေကြေးစီမံခန့်ခွဲမှုဌာနအသင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ဘဏ်တွင်း စာရင်းစစ်ဌာနအသင်းကို ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က လည်းကောင်း၊ တတိယဆုရရှိသည့် ဘဏ်လုပ်ငန်း ကြီးကြပ်စစ်ဆေးရေးဌာနအသင်းကို ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က လည်းကောင်း၊ နှစ်သိမ့်ဆု ရရှိသည့် အသင်းများကို အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**





---

◆ *ရှေ့ဖုံးမှ*

ဈေးကွက်အခြေအနေကို ကြိုတင်လေ့လာရာတွင် သိရှိရသောအချက်များကို အခြေခံကာ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့က ဒီမှာတော့ ကားသီးသန့် ရောင်းတာပေါ့။ နယ်မှာသာ ဆိုင်ကယ်ရောင်းတာ။ ကားသီးသန့်ရောင်းတာဆိုတော့ ဒီ EV လေးတွေက လောလောဆယ် မန္တလေးမှာ အမေးများတော့ စလုပ်ကြည့်တာပါ။ ဒီမှာကလည်း စက်မှုထဲမှာလည်း ကုန်မာဆိုင်တို့၊ ကားပစ္စည်းဆိုင်တို့က အမေးများတော့ စပြီးတော့ လုပ်ကြည့်တာပါ။ လူစိတ်ဝင်စားမှုများတယ်။ ဝယ်ယူမှုလည်းရှိတယ်။ ဒီ ဆိုင်ကယ်တွေက တရုတ်ကလာတာ။ လျှပ်စစ်၊ အားသွင်းဘောက်စ် နဲ့ ဘက်ထရီပေါ့။ လက်ရှိကတော့ ဒီ သုံးဘီးလေးတွေက လုပ်ငန်းသုံးဆိုတော့ စိတ်ဝင်စားမှုရှိကြတယ်" ဟု အထက်ပါ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦး ကပြောသည်။

အဆိုပါ EV Loujia သုံးဘီးဆိုင်ကယ်မှာ ဘက်ထရီပေါ်မူတည်၍ သိန်း ၃၀၊ ၃၅ သိန်းမှ သိန်း ၄၀ အထိ ပေါက်ဈေးရှိပြီး အားအပြည့်သွင်းထားပါက နံနက်ပိုင်းမှ ညနေပိုင်းအထိ အသုံးခံကြောင်းလည်း သိရသည်။

"လက်ရှိ မန္တလေးမှာက ခရီးသည်တွေ အသုံးများတာက သုံးဘီးဆိုင်ကယ်တွေလေ။ ဒီနောက်ပိုင်းမှာ တော်တော်လေး ပေါလာတာ။ အခု EV တွေ ရောက်တယ်ဆိုတော့ ဘယ်လိုလာမလဲတော့ မသိရသေးဘူး။ ဘက်ထရီဘယ်လောက်ခံမလဲဆိုတာ တစ်ချက်ကြည့်ရမယ်ထင်တယ်" ဟု မန္တလေးမြို့ခံတစ်ဦးဖြစ်သူ ဦးလှဝေက ဆိုသည်။

**သစ်တော်**

---

❖ *ရှေ့ဖုံးမှ*

ကာကွယ်နှိမ်နင်းရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးအတွက် နယ်မြေအလိုက် တာဝန်ပေးထားသည့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသည့် နွေစပါးမျိုးများမှာ ရွှေသွယ်ရင်၊ ရတနာတိုး၊ ရှောမင်း၊ ရက် ၉၀၊ ထိုင်းနှံကောက်၊ ပခမ်းရွှေဝါ စသည့်စပါးမျိုးများကို စိုက်ပျိုးကြောင်း သိရသည်။

ဒေသခံတောင်သူများ နွေစပါး အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ကတိုက်ဆည်မှ ဆည်ရေများကို ဇန်နဝါရီ ၁ ရက်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန တတိယအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဝန်ထမ်းများ စည်းလုံးညီညွတ်ရေး၊ ပျော်ရွှင်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရေး မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းရေးဟူသော ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် အဆိုပါဝန်ကြီးဌာန မော်တော်ယာဉ်ရပ်နားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

ထမနဲထိုးပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦး၊ သံအမတ်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။



အဆိုပါထမနဲထိုးပြိုင်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများက စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း စည်းမျဉ်းစည်းကမ်း၊ အမှတ်ပေး သတ်မှတ်ချက်များနှင့်အညီ ယှဉ်ပြိုင်ကြသည်။ (ဝဲပုံ)

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများကို အမှတ်ပေးဒိုင်အဖွဲ့က အမှတ်ပေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်အကဲဖြတ်အမှတ်ပေးကြရာ ဦးစီးဌာန ရှစ်ခုမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းအနက် ပထမဆုကို နိုင်ငံရေးရာဦးစီးဌာနကလည်းကောင်း၊ ဒုတိယဆုကို စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနကလည်းကောင်း၊ တတိယဆုကို သံတမန်ရေးရာဦးစီးဌာနကလည်းကောင်း ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်က ပထမဆုရရှိသည့် အသင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဒုတိယဆုရရှိသည့် အသင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ညွှန်ကြားရေးမှူးချုပ်များက တတိယဆုရရှိသည့် အသင်းနှင့် နှစ်သိမ့်ဆုရရှိသည့် အသင်းများကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကိုညနေပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဆင့်မြင့်သံတမန်ရေးရာသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြည်ပရှိမြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် သံရုံးယာယီတာဝန်ခံ၊ သံရုံးဒုတိယအကြီးအကဲများအဖြစ် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ သက်ဆိုင်ရာ သံမှူးများအဖြစ် တွဲဖက်တာဝန်ပေး စေလွှတ်ရန်လျာထားသည့် အရာထမ်းများအတွက် အဆင့်မြင့်သံတမန်ရေးရာ သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်၍ သင်တန်းဆင်းပွဲအမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ တက္ကသိုလ်များမှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းတွင် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာဥပဒေများ၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့် ကုန်သွယ်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ၊ ကောင်စစ်ရေးရာကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်ကိစ္စရပ်များ၊ အလုပ်သမားရေးရာဆိုင်ရာ ကိစ္စရပ်များအပြင် ယဉ်ကျေးမှုနှင့် မီဒီယာစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသင်ကြားပို့ချခဲ့သည်။

အဆင့်မြင့် သံတမန်ရေးရာသင်တန်း အမှတ်စဉ်(၁/၂၀၂၄)ကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ဇန်နဝါရီ ၁၅ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၄ နာရီအထိ ရက်သတ္တ ခြောက်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားသင်တန်းသူ ၃၅ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**

## တောင်သာမြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း အခမဲ့သင်ကြားပေး



**တောင်သာ ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို အမှတ်(၃)ရပ်ကွက် ဥယျာဉ်ဓမ္မာရုံ၌ ယမန်နေ့က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဆန်းမြင့်ထွန်းက ဒေသတွင်းလူငယ်လူရွယ်များ၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ စနစ်တကျတတ်မြောက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်နှင့် စားသောက်ကုန်များ တစ်ပိုင်တစ်နိုင် ထုတ်လုပ်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနိုင်စေရန်၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းကို (အခမဲ့) ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် သစ်သီးဝလံများ တာရှည်ခံပြုပြင်ထုတ်လုပ်ခြင်းနည်းလမ်းများ၊ ဆီးယို၊ ခရမ်းချဉ်သီးယို၊ ဆီးသီးအနှစ်ရည်၊ ခရမ်းချဉ်သီးဆော့စ်၊ အာလူးကြော်၊ စာလေးခွေကြော်၊ ရွှေဖရုံသီးပူတင်းပြုလုပ်နည်း၊ မြေပဲယို၊ နှမ်းယို၊ သဘော်သီးချဉ်စပ်ယို စသည့်ပြုလုပ်နည်းများကို သင်တန်းသူ ၂၀ အား ဖေဖော်ဝါရီ ၂၇ ရက်အထိ အခမဲ့ ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းရှင်းစွာဖြင့် လုပ်ငန်းတာဝန်များပြီးမြောက်အောင် ဆောင်ရွက်ကြရန်လို အခွန်တိမ်းရှောင်မှုမရှိစေရေးနှင့် အခွန်တိုးတက်ကောက်ခံရရှိရေး ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်



**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၂) နှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၄) သို့ သွားရောက်၍ ဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမတွင် နိုင်ငံတကာအဆင့်မီ Air Blow Digital Machine စနစ်ဖြင့် ဆုမဲရွေးချယ်သရုပ်ပြမှုကို ကြည့်ရှုစစ်ဆေးပြီး အောင်ဘာလေထီလုပ်ငန်းပိုမိုတိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ကျောက်တံတားမြို့နယ်ရှိ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(၁) အစည်းအဝေးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိပြည်တွင်းအခွန်များဦးစီးဌာနရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် အရာထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**နိုင်ငံတော်၏ဘဏ္ဍာငွေရှာဖွေမှုအဓိကကျ**

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းအခွန်များဦးစီးဌာနက လက်ရှိကောက်ခံနေသည့် အခွန်အမျိုးအစား ခြောက်မျိုး၏ ကောက်ခံရငွေသည် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အခွန်အကောက် ၂၃ မျိုး၏ စုစုပေါင်းကောက်ခံရငွေတွင် ၈၀ ရာခိုင်နှုန်းကျော်ခန့် ပါဝင်နေသည့်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေရှာဖွေမှုတွင် အဓိကကျသောအခန်းကဏ္ဍ၌ ပါဝင်လျက်ရှိကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြည်သူများကို ဝန်ဆောင်မှုပေးရသည့်ဌာနတစ်ခုဖြစ်သည်နှင့်အညီ အခွန်ထမ်းပြည်သူများက နိုင်ငံသားတာဝန်ကျေပွန်စွာဖြင့် လိုလားကြည်ဖြူစွာ အခွန်ထမ်းဆောင်လာစေရေးအတွက် ဝန်ထမ်းများက အပြောအဆို/အပြုအမူကအစ အလေးထား ဝန်ဆောင်မှုပေးကြရန်လိုကြောင်း၊ အခွန်ထမ်းများ အခွန်ရုံးသို့ ကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်မှုစနစ်များဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းသည့်အချိန်များတွင် ဥပဒေပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်စေရန် စနစ်တကျရှင်းလင်းပြောကြားပေးကြရန်ဖြစ်ကြောင်း။

**နည်းပညာများအသုံးချဆောင်ရွက်**

အခွန်စည်းကြပ်မှုဆောင်ရွက်သည့်နေရာတွင်လည်း အခွန်ရုံးမှ အခွန်စည်းကြပ်သည့်စနစ် (OAS–Official Assessment System) မှ နိုင်ငံတကာတွင် လက်ခံကျင့်သုံးဆောင်ရွက်နေသည့် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်(SAS – Self Assessment System) သို့ ၂၀၁၂ ခုနှစ်ကတည်းက ပြောင်းလဲကျင့်သုံးနေပြီဖြစ်ရာ အဆင့်ဆင့်သောဝန်ထမ်းများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နည်းပညာများကို အသုံးချဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း။

နည်းပညာအသုံးချမှုပိုင်းအနေဖြင့် အခွန်စည်းကြပ်မှုလုပ်ငန်းစဉ်များထဲမှ အခွန်ကြေညာလွှာတင်သွင်းခြင်းကို အီလက်ထရောနစ်စနစ်ဖြင့် တင်သွင်းနိုင်ပြီဖြစ်၍ ကုမ္ပဏီအခွန်ထမ်းများအားလုံး ယင်းစနစ်အသုံးပြုရေးအတွက် တိုက်တွန်းကူညီဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ သို့မှသာ အခွန်ထမ်းနှင့် အခွန်ဝန်ထမ်း တွေ့ဆုံမှုလျော့နည်းပြီး မလိုလားအပ်သောဖြစ်စဉ်များ လျော့နည်းပပျောက်သွားမည်ဖြစ်ကြောင်း၊ အခွန်ထမ်းဝန်ဆောင်မှုပေးရေးလုပ်ငန်းစဉ်တစ်ခုဖြစ်သော အခွန်ငွေပေးသွင်းရာတွင် ငွေသား/ချက်လက်မှတ်များဖြင့် ပေးချေမှုအစား အီလက်ထရောနစ်ငွေပေးချေမှုကို အသုံးပြုခြင်းအားဖြင့် အခွန်ထမ်းများအနေဖြင့် ပိုမိုလွယ်ကူပြီး လုံခြုံမှုရှိစေမည်ဖြစ်ကြောင်း၊ အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး နှစ်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး ငါးရုံး၊ မြို့နယ် ၁၁၁ မြို့နယ်တို့တွင် ဆောင်ရွက်နိုင်ပြီဖြစ်၍ တစ်နိုင်ငံလုံးတွင်ရှိသော မြို့နယ်အားလုံးတွင် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

**စနစ်တကျထမ်းဆောင်ကြရန်လိုအပ်**

ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းရှင်းစွာဖြင့် လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ အခွန်ဝန်ထမ်းနှင့် အခွန်ထမ်းညှိနှိုင်းပြီး အခွန်လျော့နည်းသက်သာအောင် ဆောင်ရွက်ခြင်း၊ အဂတိလိုက်စားခြင်းကိစ္စများကို အထူးရှောင်ရှားကြရန်လိုကြောင်း၊ အခွန်ထမ်းများကိုယ်တိုင် အခွန်ပေးဆောင်လိုစိတ်ရှိလာစေရေးကို ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခွန်ဝန်ထမ်းများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ပြုမူကျင့်ကြံလုပ်ဆောင်မှုများ ပြောင်းလဲပြီး နိုင်ငံ့တာဝန်ကို စနစ်တကျထမ်းဆောင်ကြရန် လိုအပ်ကြောင်း။

အခွန်တိမ်းရှောင်မှုမရှိစေရေးနှင့် အခွန်တိုးတက်ကောက်ခံရရှိရေးတို့အတွက် ဆက်စပ်ဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ အခွန်ရငွေတိုးတက်ရရှိစေရန်၊ အခွန်ကောက်ခံရာတွင် မျှတမှုရှိစေရန်၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊ ခေတ်မီ၍ နိုင်ငံတကာစံနှုန်းများနှင့် လိုက်လျောညီထွေမှုရှိသော အခွန်စနစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရန်၊ အခွန်ရငွေနှင့် GDP အချိုးမြင့်တက်စေရန် စသည်တို့ကို အာရုံစိုက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရသင့်ရထိုက်သည့် အခွန်ငွေများ ပြည့်ပြည့်ဝဝကောက်ခံရရှိပါက ဘဏ္ဍာရေးလိုငွေပြမှုကို လျော့ကျစေမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် ငွေကြေးဖောင်းပွမှုကိုပါ လျော့ကျစေနိုင်ကြောင်း၊ မိမိတို့၏ကြိုးပမ်းအားထုတ်မှုသည် ပြည်သူအားလုံးကို အကျိုးပြုရာရောက်သဖြင့် ကောင်းမွန်သည့်အလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်လသာလမ်းရှိမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၅) ၏ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စက်မှုဒီဇိုင်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ခြင်းကို တရားဝင်စတင်လက်ခံခြင်းအခမ်းအနားကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

စက်မှုဒီဇိုင်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ခြင်းကို တရားဝင်စတင်လက်ခံခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရုံးအမှတ် (၃) အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မူပိုင်ခွင့်ဆိုင်ရာအဖွဲ့အစည်းများ၊ မူပိုင်ခွင့်ဆိုင်ရာဥပဒေအကျိုးဆောင်များမှ ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် အာဏာတည်ခဲ့သည့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေများအရ အဆိုပါမူပိုင်ခွင့်များ၏ လျှောက်ထားခြင်းများကို တရားဝင်စတင်လက်ခံသည့် အခမ်းအနားဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေကို အာဏာတည်နိုင်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ခြင်းတို့အတွက် မူပိုင်ခွင့်လျှောက်ထားချက်များ လက်ခံခြင်းကို အီလက်ထရောနစ်စနစ်အပြင် လျှောက်လွှာလက်ခံဌာနများတွင် လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှောက်လွှာလက်ခံဌာနများကိုလည်း နေပြည်တော်၊ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)၊ အထက်မြန်မာပြည် ရုံးခွဲ(မန္တလေး)တို့တွင် ဖွင့်လှစ်ထားပြီး ဖြစ်ကြောင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားချက်များကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ လက်ခံ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားချက်များကိုလည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှစတင်၍ လက်ခံ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဦးစီးဌာနမှ တာဝန်ရှိသူများက မူပိုင်ခွင့်ဥပဒေများ အာဏာသက်ဝင်ခြင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်း၊ စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်စနစ် (WIPO File,CR File) များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းခြင်းများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာယာဝတီခရိုင်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင် စုစုပေါင်း ၄၅ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ် ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။ **(ယာပုံ)**



ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထား ပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်း ပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူးအငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အဦများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လာရောက် ဖူးမြော်ခဲ့ကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများအား ယခုလိုကြားသိခဲ့ရပါသည်-



မြို့နယ်ကနေ စီစဉ်ပေးလို့ ရောက်လာတာပါ။ ရှင်းလင်းဆောင်မှာ ရှင်းပြတဲ့အတွက် ဘုရားကြီးကို စကျင်ကျောက်တွေ တူးဖော်စဉ်က စပြီးတော့ အခုရုပ်ပွားတော်ကို ကျွန်မတို့ ဖူးမြော်ရသည်အထိ တွေ့မြင်ရတဲ့အတွက်၊ ဖူးမြော်ရတဲ့အတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ဘုရားဆင်းတုတော်နဲ့ အဆောက်အအုံတွေ အားလုံးကိုလည်း တွေ့မြင် ဖူးမြော်ရတဲ့အတွက် အလွန်ကို ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီလိုမျိုး ဖူးမြော်ခွင့်ရအောင် စီစဉ်ပေးတဲ့ တာဝန်ရှိသူအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။

ကျွန်မက ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း မိုးညိုမြို့နယ်က ပညာရေးဝန်ထမ်း ဒေါ်ခင်ဌေးရီ ဖြစ်ပါတယ်။ အခုလိုမျိုး လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ကျောက်စာမှာလည်း ရှိမန်နှင့်ပါဠိလို နှစ်ဘာသာနဲ့ဖော်ပြထားတဲ့အတွက် တစ်ခါမှမမြင်ဖူးတဲ့အတွက် အထူးဝမ်းသာပါတယ်။



မုစလိန္ဒကန်ကြီးကိုလည်း ကြည့်ရတဲ့အတွက် စိတ်ကြည်နူးမှု ရရှိပါတယ်။ မာရဝိဇယဘုရားကြီးကို ဖူးမြော်ရတဲ့အတွက် အထူးဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီဘုရားကြီးကို လာရောက်ဖူးမြော်ဖို့အတွက်အစစအရာရာစီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ **သတင်းစဉ်**



## သီပေါအနောက်ခြမ်းဒေသမှ ယာယီနေရပ်စွန့်ခွာသူ သာသနာ့နွယ်ဝင် သီလရှင်များအား ပစ္စည်းများ လှူဒါန်း

**သီပေါ ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အနောက်ခြမ်းဒေသများမှ ယာယီနေရပ်စွန့်ခွာသူ ဒေသခံပြည်သူများ၊ ကျောင်းသင်္ခမ်းစွန့်ခွာသံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအနေဖြင့် ခိုလှုံရေးစခန်းများသို့ ရောက်ရှိခိုလှုံလျက်ရှိသည်မှာ ရက်ကာလရှည်ကြာနေပြီဖြစ်၍ ၎င်းတို့စားဝတ်နေရေး အခက်အခဲမရှိစေရန် စေတနာရှင်များက အခြေခံစားသောက်ကုန်နှင့် လူ့အသုံးအဆောင်အဝတ်အထည်များကို လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းရာတွင် ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စီမံချက်အရ ကျန်းမာပြီးကြံ့ခိုင်နိုင်သော ရပ်ရွာလူထု ဖြစ်ပေါ်စေရေးအတွက် မြို့နယ် ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့် တာဝန်ရှိသူများက လွယ်မုတ်တောင်စခန်းရှိ ရွှေမောင်းဝေပုလ္လ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက သီလရှင်ဆရာကြီး မဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါ်ဂုဏဝတီထံ သာသနာ့နွယ်ဝင် သီလရှင် ၁၃၅ ပါး၊ လူပုဂ္ဂိုလ်အမျိုးသား၊ အမျိုးသမီး ၁၁၀ တို့အတွက် BHRC (ဒိန်းမတ်) ပရောဂျက်ပံ့ပိုးမှုဖြင့် အနွေးထည်များ၊ ဆေးစိမ်ခြင်ထောင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံး သွားပွတ်တံ၊ သွားတိုက်ဆေးများကို ပံ့ပိုးလှူဒါန်းသည်။ **(အပေါ်ပုံ) စိုင်း(သီပေါ)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဝန်ထမ်းများ စုပေါင်းထမနဲထိုးပွဲ ကြည့်ရှုအားပေး

စစ်တွေ ဖေဖော်ဝါရီ ၂၃

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ရုံး အမှတ်(၃၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ စားရိပ်သာခန်းမ၌ အရာရှိ၊ အခြားအဆင့်၊ တပ်ဖွဲ့ဝင်များနှင့်တူ အထူးနေ့လယ်စာစားပွဲသို့ တက်ရောက်ကြပြီး ဌာနဆိုင်ရာရုံးများ၌ ဝန်ထမ်းများ စုပေါင်းထမနဲထိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၃၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ စားရိပ်သာခန်းမ၌ အရာရှိ၊ တပ်ဖွဲ့ဝင်များနှင့်တူ အထူးနေ့လယ်စာစားပွဲသို့ တက်ရောက်ကြပြီး အရာရှိ၊ အခြားအဆင့်၊ တပ်ဖွဲ့ဝင်များနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့သည့် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ကာ တပ်ဖွဲ့ဝင်များ နေ့လယ်စာ စားသုံးနေမှုကို လှည့်လည်ကြည့်ရှုပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်လမ်းဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံးများသို့ သွားရောက်ပြီး ဝန်ထမ်းများ ပျော်ပျော်ပါးပါး စုပေါင်းထမနဲထိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကာ ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**အိမ်ပြင်ပဒ္ဓထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နယ်စပ်ရေးရာဝန်ကြီးဌာန ပဉ္စမအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ပဉ္စမအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ပြိုင်ပွဲဝင်အသင်းများ စုံညီစွာ တက်ရောက်ခဲ့ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများ စည်းလုံးပျော်ရွှင်စွာ အတူတကွ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အလေ့အထကောင်းများ ရရှိပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျရာတာဝန်များကို အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် စည်းစည်းလုံးလုံး တက်တက်ကြွကြွ ယှဉ်ပြိုင်သွားကြရန် မှာကြားသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာ အစဉ်အလာအတိုင်း တပျော်တပါး အားကြိုးမာန်တက် ထမနဲထိုး ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။(**အပေါ်ပုံ**) **သတင်းစဉ်**

## Naypyitaw State Academy ၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

Naypyitaw State Academy တွင် ကျောင်းသား ကျောင်းသူများ မြန်မာ့ရိုးရာအစဉ်အလာများကို သိရှိနားလည်သဘောပေါက်၍ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်စေလိုသော ရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါထမနဲထိုးပြိုင်ပွဲတွင် ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဘာသာရပ်ကိုယ်စားပြု အသင်း ၁၀ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ပြိုင်ပွဲတွင် ပထမဆုရရှိသော ဓာတုဗေဒဘာသာရပ်အသင်း၊ ဒုတိယဆုရရှိသော စီးပွားရေးပညာအသင်း၊ တတိယဆုရရှိသော မြန်မာစာအသင်းတို့ကို ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာ နုနုလွင်ကလည်းကောင်း၊ တတိယဆု ပူးတွဲရှိသော သင်္ချာအသင်းနှင့် နှစ်သိမ့်ဆုရရှိသော ရူပဗေဒနှင့် ဥပဒေပညာအသင်းတို့ကို ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာ စိုးစိုးအောင်ကလည်းကောင်း ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။

**သတင်းစဉ်**





## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် မြန်မာ့ရိုးရာထမနဲထိုးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အနေဖြင့် မြန်မာရိုးရာထုံးတမ်းစဉ်လာများနှင့်အညီ ဘာသာရေးပွဲတော်များနှင့် ပျော်ပွဲရွှင်ပွဲများကို အရာထမ်း၊ အမှုထမ်းများပါဝင်စေရေး အခါအားလျော်စွာ ကျင်းပဆောင်ရွက်လျက်ရှိရာ မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် တပို့တွဲလ ထမနဲထိုးပွဲကာလတွင် ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာန သုံးခုအောက်ရှိ ဝန်ထမ်းများ တစ်ဦးနှင့်တစ်ဦး ဖေးမကူညီလိုစိတ်ရှိစေရန်၊ အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် စုပေါင်းဆောင်ရွက်တတ်စေရန်၊ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် အချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် ပျော်ရွှင်မှုရှိစေရန်ရည်ရွယ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဝန်ထမ်းမိသားစုများ စုပေါင်းထမနဲထိုးပွဲကို ရုံးအမှတ် (၅၆) ယာဉ်ရပ်နားကွင်း၌ ယနေ့ နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထမနဲထိုးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများသည် မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ထမနဲထိုးနေမှုများကို တပျော်တပါး ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန် နဝမအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် ဗုဒ္ဓဘာသာအသင်းမိသားစုက ကြီးမှူး၍ နဝမအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီခွဲက အဆိုပါတက္ကသိုလ် လင်းရောင်ခြည်ကွင်း၌ ကျင်းပရာ ဘွဲ့ကြို/ဘွဲ့လွန် ကျောင်းသား ကျောင်းသူများ၊ အလုပ်သင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမဆုရရှိသည့် ဘွဲ့လွန်သင်တန်း၊ ဒုတိယဆုရရှိသည့် အလုပ်သင်ဆရာဝန် (အပတ်စဉ်-၅၃) နှင့် တတိယဆုရရှိသည့် ပထမနှစ်ဘီဒီအက်စ် (၁၁/၂၀၂၃) သင်တန်းတို့အား ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ဆုများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ကျောက်တန်းမြို့တွင် ပထမအကြိမ် ထမနဲထိုးပြိုင်ပွဲ စည်ကားစွာကျင်းပ

**ကျောက်တန်း ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်ကျင်းပသည့် ပထမအကြိမ် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းက အနောက်ပိုင်းရပ်ကွက် ရေလယ်ဘုရားလမ်းရှိ ရေလယ်ဘုရားဝင်းအတွင်း၌ ကျင်းပသည်။



အဆိုပါ ပထမအကြိမ်ထမနဲထိုးပြိုင်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့်အဖွဲ့ဝင်(၂) ဦးစိုးမြင့်ကျော်တို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုမြို့ပေါ် ရပ်ကွက်များဖြစ်သည့် အရှေ့ပိုင်းရပ်ကွက်၊ အနောက်ပိုင်းရပ်ကွက်၊ အလယ်ပိုင်းရပ်ကွက်၊ စံချိန်မီရပ်ကွက်၊ ရွှေကုန်းရပ်ကွက်၊ ဆင်ကန်ရပ်ကွက်နှင့်အတူ ပါဒကြီးကျေးရွာ၊ ရွှေပျောက် ကျေးရွာ၊ ညောင်ဝိုင်းကျေးရွာ၊ ပန်းတောကျေးရွာအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပထမဆုရ အနောက်ပိုင်းရပ်ကွက် အသင်းကို ငွေကျပ် တစ်သိန်း၊ ဒုတိယဆုရ ပန်းတောကျေးရွာအသင်းကို ကျပ်ငါးသောင်း၊ တတိယဆုရ ပါဒကြီးကျေးရွာ အသင်းအားကျပ်သုံးသောင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။

**ဝင်းစိုး(ကျောက်တန်း)**

# သောကြာနေ့ စကားဝိုင်း အမှတ်စဉ် (၄၇) "အနာဂတ် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးမှုအတွက် စဉ်းစားရမည့် ဒိုင်ယာစပိုရာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ်(၄၇) ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးမည့်အကြောင်းအရာဖြစ်သော "အနာဂတ် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် စဉ်းစားရမည့် ဒိုင်ယာစပိုရာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ" ခေါင်းစဉ်သည် မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သည့်အကြောင်းအရာဖြစ်ကြောင်း၊ ဒိုင်ယာစပိုရာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ ပြည်ပနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေထိုင်သူများက စုဆောင်းရရှိခဲ့သော ငွေကြေးပစ္စည်းများကို မိခင်နိုင်ငံတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း၊ မိခင်နိုင်ငံ၊ မူရင်းနေရာတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြရာ၌ အိမ်၊ ခြံ၊ မြေ၊ စက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ အစုရှယ်ယာလုပ်ငန်းနှင့် ရွှေ့ပြောင်းသယ်ယူနိုင်သော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြခြင်းဖြစ်ကြောင်းနှင့် တက်ရောက်လာကြသူများအနေဖြင့် စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။ (ဓာတ်ပုံ)

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကိုဆောင်ရွက်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းတောက်အောင်က "အနာဂတ် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် စဉ်းစားရမည့် ဒိုင်ယာစပိုရာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ" အကြောင်းအရာနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဒိုင်ယာစပိုရာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အာမခံအလုပ်သမားများ၏ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်ကျန်းမာရေးဝန်ဆောင်မှုပေးရန်လိုအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လူမှုဖူလုံရေးဆေးခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီး တာဝန်ခံက လူမှုဖူလုံရေးဆေးခန်းနှင့် တောင်ဥက္ကလာပ လူမှုဖူလုံရေးမြို့နယ်ရုံး ပြောင်းရွှေ့ဖွင့်လှစ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် လိုအပ်ကြောင်း၊ ဆေးခန်းရှိ တာဝန်ရှိသူများအနေဖြင့် စေတနာထား၍ အားထည့်ဆောင်ရွက်ပေးစေ လိုကြောင်း၊ လူနာကုသရေးလုပ်ငန်း၊ ဆေးခန်းသုံးပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ သက်တမ်းလွန်၊ လေလွင့်ဆေးများမဖြစ်စေရန် စီမံခြင်း၊ ဆေးခန်းလုံခြုံရေး အလေးထားဆောင်ရွက်ကြရန်၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပညာရှင်များဖြစ်သည့်အတွက် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန်နှင့် မိမိလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားပြီး တောင်ဥက္ကလာပမြို့နယ်ရုံး ပြောင်းရွှေ့ဖွင့်လှစ်မည့်အခြေအနေကို လှည့်လည်စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ အလုပ်သမားဝန်ကြီးဌာန ဓမ္မာရုံကို စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသော ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း တက်ရောက်နေသည့် ကိုရီးယားသမ္မတနိုင်ငံတွင် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ် (EPS) ဖြင့် သွားရောက် အလုပ်လုပ်ကိုင်မည့် သင်တန်းသားအလုပ်သမားများကို သွားရောက်တွေ့ဆုံအားပေးပြီး သင်တန်းကျောင်းအဆောက်အဦနှင့်ပတ်ဝန်းကျင်စိမ်းလန်း သာယာစေရေးဆောင်ရွက်ထားရှိမှုများကို စစ်ဆေးကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ် (၁၂) ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ဥက္ကဋ္ဌရုံးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။





ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ရှိ ပညာဌာနရှစ်ခုမှ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ဆွေးနွေးပို့ချခဲ့ကြပြီးဖြစ်၍ တက္ကသိုလ်ကရရှိခဲ့သည့် ပညာရပ်နှင့် အတွေ့အကြုံဗဟုသုတများကို မိမိတို့၏လုပ်ငန်းခွင်နယ်ပယ်များတွင် လက်တွေ့အသုံးပြုသွားကြရန်၊ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ အရာထမ်းလောင်းများသည် နိုင်ငံတော်ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို အကောင်အထည်ဖော်ရာတွင် ကျရာအခန်းကဏ္ဍမှ အဂတိတရား ကင်းရှင်းပြီး စိတ်စေတနာအပြည့်ဖြင့် ပြည်သူကို ဝန်ဆောင်မှုပေးကြရန်၊ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ပန်ဆင်ကာ ကျင့်ဝတ်အပါး ၃၀ ကို လိုက်နာကြရန်နှင့် ပါတီနိုင်ငံရေး ကင်းရှင်းသော ဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန် မှာကြားသည်။

ထို့နောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်က ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ ဘွဲ့လက်မှတ်များကို ချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၁၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၆ ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မလှိုင်မြို့နယ်၌ အထူးဆေးကုသရေးအဖွဲ့ အခမဲ့ဆေးကုသပေး

**မလှိုင် ဖေဖော်ဝါရီ ၂၃**

မလှိုင်မြို့ပြည်သူ့ဆေးရုံ အေးမေတ္တာကုသဆောင်၌ ဖေဖော်ဝါရီ ၂၁ ရက်က ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးသည်။

မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိ ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဆေးပညာ၊ မျက်စိ၊ အကြောအဆစ်၊ ကလေး၊ သားဖွားမီးယပ်၊ ခွဲစိတ်၊ သွားနှင့်ခံတွင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ဆီးချိုသွေးချို စစ်ဆေးခြင်း၊ ECG စစ်ဆေးပေးခြင်း၊ အထွေထွေရောဂါများနှင့်ပတ်သက်၍ ကုသပေးသည်။

အဆိုပါ အခမဲ့ဆေးကုသရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များက ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုကို လိုက်လံကြည့်ရှု၍ အားပေးစကားပြောကြားသည်။ အခမဲ့ကွင်းဆင်းဆေးကုသရာတွင် ဒေသခံပြည်သူ စုစုပေါင်း ၉၁၁ ဦးတို့အား ကုသပေးခဲ့ပြီး လိုအပ်သောဆေးဝါးများကို အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **မြထွန်း(မလှိုင်)**

# ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

**မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ ဝန်ထမ်းများအချင်းချင်း ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အပြန်အလှန်ညီညွတ်မျှတစွာဖြင့် အသင်းအဖွဲ့စိတ်ဓာတ်ကို အရင်းခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်တတ်စေရန်၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် ပျော်ရွှင်မှုတို့ကိုရရှိစေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။**

ထမနဲထိုးပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် တပို့တွဲလတွင် ထမနဲထိုးပွဲကျင်းပကြသည့်အစဉ်အလာ၊ ချမ်းအေးသည့်ရာသီတွင် ထမနဲကို ဆေးလည်းအစာ အစာလည်း ဆေးသဖွယ် စားသုံးကြသည့်ဓလေ့၊ စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်တတ်သည့်စိတ်ဓာတ်၊ ထမနဲထိုးကြသည့် ဝိုင်းတော်သားများအပြင် အားပေးသည့်ပရိသတ်များ အပြိုင်အဆိုင်ရင်းနှီးချစ်ခင်မှု၊ ပျော်ရွှင်စရာကောင်းမှုတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းခြောက်သင်းဖြစ်သည့် ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာအတိုင်း တပျော်တပါး ထမနဲထိုးယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ တပျော်တပါး ထမနဲထိုးကြစဉ် အိုးစည်ဗုံမောင်းများ၊ အကအဖွဲ့များ၊ အားပေးကြသူများက သံချပ်များ၊ သီချင်းများ ပြိုင်တူသီဆိုပြီး အပြိုင်အဆိုင်အားပေးကြသည်။

ယင်းနောက် နှစ်သိမ့်ဆုများ ရရှိကြသည့် အသင်းများအား ဒုတိယဝန်ကြီးနှင့် ဇနီးတို့က ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တတိယဆုရရှိသည့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ဒုတိယဆု ရရှိသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပထမဆုရရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ ထမနဲအသင်းများအား ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားပေးမှု အကောင်းဆုံးဆုရရှိသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် ငွေသားဆုနှင့် ပြည်ထောင်စုဝန်ကြီးနှင့် မိသားစုက ကံစမ်းမဲ ချီးမြှင့်သည့် စက်ဘီး တစ်စီးတို့အား ပြည်ထောင်စုဝန်ကြီးက ဆက်လက် ပေးအပ်ချီးမြှင့်ပြီး ရွှေမိုးငွေမိုးများ ပက်ဖျန်း၍ ပြိုင်ပွဲကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး ပထမဆုရရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ထမနဲအသင်းအား ဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ကျွန်မ၏တစ်ဦးတည်းသော | ယုဒါ | ဦးထွန်းထွန်းသန်း ကိုလတ်စာပေ |
| ၂။ | ရင့်မှည့်မှည့် အရည်ရွှမ်းသစ်သီးတွေရဲ့ ယာခင်း ဝတ္ထုတိုများ | မိုးသက်အောင် (မြန်မာစာ) | ဒေါ်အိအိချို မြဝတ်ချိုစာအုပ်တိုက် |
| ၃။ | သီချင်းစိတ် (ဒုတိယအကြိမ်) | အောင်သင်း | ဒေါ်ဝင်းမာတင် ဖွန်ပွင့်စာအုပ်တိုက် |
| ၄။ | ဥပဒေမှတ်စု-၂ ပြစ်မှုတရားမ တရားစီရင်ရေး (ဒုတိယအကြိမ်) | ဦးတင်ဟုန် | ဒေါ်သန်းသန်းအေး ဝန်ချတောင်စာပေ |
| ၅။ | ငြိမ်ငြိမ်တွယ် | အယ်လီယာ | ဦးဝင်းသူရလွင် အိပ်မက်အသစ်စာပေ |

**ပြန်ကြားရေးဝန်ကြီးဌာန**

❒ *ကျောဖုံးမှ*

မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်း သဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်းလေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက်တစ်နှစ်၊ ခုနစ်လသား အရွယ်တွင် အရပ်အမြင့် လေးပေ တစ်လက်မ၊ ကိုယ်လုံး လုံးပတ် ခြောက်ပေ ခုနစ်လက်မ၊ ကိုယ်အလေးချိန် ၁၁၆၆ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့် ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သမဝါယမနှင့်စီမံခန့်ခွဲမှုပညာ တက္ကသိုလ် (သန်လျင်) ၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး**

# အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုဆိုင်ရာ ဖမ်းဆီးရမိခဲ့မှုအခြေအနေ၊ AA သောင်းကျန်းသူများမှ မဟုတ်မမှန်သတင်းများထုတ်လွှင့်နေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့နိုင်ငံအနေနဲ့ Online လောင်းကစားမှုတွေ၊ ငွေကြေးလိမ်လည်မှုများနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပြင်းပြင်းထန်ထန် တိုက်ဖျက်နှိမ်နင်းလျက်ရှိပါတယ်။ ဒီတာချီလိတ်မှာဆိုရင် ဒီနေ့မနက် ၅ နာရီလောက်မှာ တာချီလိတ်၊ ဆန်ဆိုင်း (က) ရပ်ကွက်မှာရှိတဲ့ နေရာမှာ ကျွန်တော်တို့ Online လောင်းကစားတွေ၊ Online ငွေကြေး လိမ်လည်မှုတွေ ပြုလုပ်နေတယ်ဆိုတဲ့ သတင်းရရှိတဲ့အတွက် တာချီလိတ်မြို့ ဆန်ဆိုင်း (က) ရပ်ကွက် တိုးနယားလမ်းမှာရှိတဲ့ ကျော်သိန်း (ခေါ်) ခွန်မောင်ညို ပိုင်ဆိုင်တဲ့ ခြံဝင်းမှာ ဝင်ရောက်စစ်ဆေးရှာဖွေခဲ့ပါတယ်။ အဲဒီမှာ ထိုင်းနိုင်ငံသူ၊ နိုင်ငံသား ၁၄၈ ဦး ကျား ၇၅ ဦး၊ မ ၇၃ ဦး ပေါင်း ၁၄၈ ဦး၊ တရုတ်နိုင်ငံသား အမျိုးသား ၁ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၁၇၃ ဦး၊ မ ၃၆၇ ဦး စုစုပေါင်း ၅၄၀ ဦးပေါ့။ အားလုံး ထိုင်း၊ တရုတ်၊ မြန်မာ အားလုံးပေါင်း ၆၈၉ ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီမှာ သူတို့အသုံးပြုတဲ့ မော်တော်ယာဉ် ရှစ်စီး၊ မော်တော်ဆိုင်ကယ် အစီး ၁၂၀၊ Online ဂိမ်း လုပ်ဆောင်ရာမှာ အသုံးပြုတဲ့ Desktop computer များကိုလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီနေရာမှာ နှစ်ကေခန့်၊ နှစ်ဧကလောက် ကျယ်ဝန်းတဲ့ခြံဝင်းထဲမှာ နှစ်ထပ်ဆောင် သုံးဆောင်၊ ဆောက်လုပ်ဆဲ အလူမီနီယံတွေနဲ့ လုပ်ဆောင်နေတဲ့ဟာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ ကျွန်တော်တို့ မြန်မာပြည်သူတွေကော၊ တခြား အိမ်နီးချင်း နိုင်ငံတွေကော ထိခိုက်စေတဲ့ Online လောင်းကစားမှု၊ Online ငွေရေးကြေးရေး လိမ်လည်မှုတွေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ အိမ်နီးချင်းနိုင်ငံများနဲ့ တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ အမြစ်ပြတ် ချေမှုန်းသွားမှာ ဖြစ်ပါတယ်လို့ ပြောလိုပါတယ်။

**သက်ဆိုင်ရာကို ရဲရဲဝံ့ဝံ့ဖော်ထုတ်အသိပေး**

နောက်တစ်ခုကတော့ ကျွန်တော်တို့ ပြည်သူလူထုအားလုံး သတိထားဖို့ပဲဖြစ်ပါတယ်။ ဒီလိုပဲ Online ငွေကြေးလိမ်လည်မှု၊ သူကတော့ချေးငွေလုပ်ငန်း လုပ်ဆောင်တယ်ဆိုပြီး Online ငွေကြေးလိမ်လည်မှု၊ ဒါပြီးရင် Online ကနေပြီးတော့ ငွေကြေးအမြတ်ထုတ် ခြိမ်းခြောက်နေတဲ့ အဖွဲ့တစ်ဖွဲ့ကိုလည်း ကျွန်တော်တို့ ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီအဖွဲ့ကတော့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းမှာ ကုမ္ပဏီရုံးခန်းဖွင့်လှစ်ပြီး ဆောင်ရွက်နေတဲ့ အဖွဲ့ဖြစ်ပါတယ်။ ဦးဆောင်သူကတော့ တရုတ်နိုင်ငံသား မစ္စတာ ယူလင်ဖန်း ဖြစ်ပါတယ်။ သူကတော့ အခုချိန်မှာ ကမ္ဘောဒီးယားဘက်ကို ဇန်နဝါရီလ




ကတည်းက ထွက်ပြေးတိမ်းရှောင်သွားတယ်ဆိုတာ သိရပါတယ်။ ဒီအကြမ်းဖျင်း အခြေအနေကို ပြောပြရမယ်ဆိုရင်တော့ ဒီ Online လိမ်လည်မှုမှာပါဝင်တဲ့ တရားခံ ၁၃ ဦး ဆက်စပ်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီအဖွဲ့အစည်းက စုစုပေါင်း ၉၁ ဦးလောက်နဲ့ ဖွဲ့စည်းထားတဲ့ Online ချေးငွေလုပ်ငန်းကို အကြောင်းပြပြီး လိမ်လည်နေတဲ့အဖွဲ့ဖြစ်ပါတယ်။ သူတို့အနေနဲ့ အကြမ်းဖျင်း လုပ်ပုံကိုင်ပုံတွေနဲ့ လူတွေကို လိုက်လံစည်းရုံးတယ်။ ငွေချေးပေးမယ်ဆိုပြီးတော့ ငွေချေးပေးတယ်။ တခြားလုပ်ငန်းတွေနဲ့ မြူဆွယ်တယ်။ ပြီးရင် ဒီလူဆီကနေပြီးတော့ ပစ်မှတ်လူဆီကနေမှ ငွေရေးကြေးရေးနဲ့ပတ်သက်တဲ့ အကောင့်တွေ၊ သူနဲ့ပတ်သက်တဲ့ ဒီဟာနဲ့ပတ်သက်ပြီး ရရှိအောင်လို့ ဒီဖုန်းထဲမှာ သူတို့ရဲ့ application တွေကို Install လုပ်ခိုင်းတယ်၊ application တွေကို သွင်းခိုင်းတယ်၊ သွင်းလိုက်တဲ့အချိန်မှာ သူရဲ့ Contact List တွေ၊ ဖုန်းထဲမှာရှိနေတဲ့ သူနဲ့ဆက်သွယ်နေတဲ့ ဖုန်းနံပါတ်တွေတို့၊ အချက်အလက်တွေတို့ အကုန်လုံးရယူသွားပါတယ်။ ရယူသွားပြီး သူကငွေချေးတဲ့ပုံစံမျိုးလုပ်တယ်။ ငွေချေးတဲ့ပုံစံမျိုး လုပ်တယ်၊ ပြန်တောင်းတယ်။ ပြီးရင် သူ့ကိုငွေချေးထားတယ်ဆိုပြီး ငွေဘယ်လောက်ပေးဆိုပြီး ငွေညှစ်ပါတယ်။ ငွေညှစ်ပြီးတော့ ဒီသူတွေဟာ ငွေတောင်းလို့ အဲဒီလူက မပေးဘူးဆိုရင် သူ့ရဲ့ရရှိသွားတဲ့ Contact List ဖုန်းနံပါတ်တွေ၊ သူ့ရဲ့ဆက်သွယ်လို့ရတဲ့လူရဲ့ ဖုန်းနံပါတ်တွေကို အကုန်လိုက်ဆက်ပြီးတော့ အရှက်ခွဲတာတွေ၊ ခြိမ်းခြောက်တာတွေ ဆဲဆိုတာတွေ၊ အဆက်မပြတ် ဖုန်းဆက်ပြီး ခြိမ်းခြောက်တာတွေ လုပ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့က ဒီနစ်နာသူများရဲ့ ပြောကြားချက်၊ ဖော်ထုတ်ချက်အရ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခုလောလောဆယ်မှာ တရားခံ ၁၃ ဦး ဖမ်းဆီးရမိပြီးဖြစ်တယ်။ ကျန်တဲ့တရားခံတွေကိုလည်း ကျွန်တော်တို့ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ပြည်သူလူထုကို အသိပေးချင်တာက ယခင်ကလည်း ကျွန်တော် ပြောခဲ့ပြီးဖြစ်ပါတယ်။ ဒီ Online လိမ်လည်မှုဆိုတာသည် ဒါလောက်ကိုင်ဘက်မှာ ဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော်ပြောခဲ့ပြီးဖြစ်တယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံကို လိမ်လည်တာလည်း မဟုတ်ဘူး။ မြန်မာနိုင်ငံက တရုတ်နိုင်ငံကို လိမ်လည်တာလည်းမဟုတ်ဘူး။ ဒီတရုတ်နိုင်ငံထဲမှာ လိမ်လည်ပြီး ရာဇဝတ်မှု ကျူးလွန်ပြီး ပြည်ပြေးဖြစ်နေတဲ့သူတွေက နှစ်နိုင်ငံက သူတွေအားလုံးကို၊ နှစ်နိုင်ငံက ပြည်သူလူထု နှစ်ရပ်လုံးကို လိမ်လည်တာဖြစ်ပါတယ်။ ဒီဟာတွေနဲ့ပတ်သက်ပြီး နစ်နာတဲ့ပြည်သူလူထု နစ်နာတဲ့ကိစ္စတွေ ရှိပါလိမ့်မယ်။ ဒါတွေကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်တိုင်ကြားဖို့ လိုပါတယ်။ ကျွန်တော်ထပ်ပြီး အသိပေးလိုတာကတော့ ဒီလိုအဖြစ်အပျက်မျိုးတွေကို သက်ဆိုင်ရာကို ရဲရဲဝံ့ဝံ့ဖော်ထုတ် အသိပေးဖို့လိုပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ပြည်သူလူထုရဲ့ ချွေးနဲ့စာ၊ ကျွန်တော်တို့ ပြည်သူလူထုရဲ့ လုပ်အားနဲ့ရရှိထားတဲ့ ငွေတွေကို သက်သက်အမြတ်ထုတ် ကုပ်သွေးစုပ်တာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့က တိုက်ဖျက်သွားမှာ ဖြစ်ပါတယ်။

> **ပြည်သူလူထု နစ်နာတဲ့ ကိစ္စတွေရှိပါလိမ့်မယ်။ ဒါတွေကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်တိုင်ကြားဖို့ လိုပါတယ်။ ကျွန်တော်ထပ်ပြီး အသိပေးလိုတာကတော့ ဒီလိုအဖြစ်အပျက်မျိုးတွေကို သက်ဆိုင်ရာကို ရဲရဲဝံ့ဝံ့ဖော်ထုတ် အသိပေးဖို့လိုပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ပြည်သူ လူထုရဲ့ ချွေးနဲ့စာ၊ ကျွန်တော်တို့ ပြည်သူလူထုရဲ့ လုပ်အားနဲ့ရရှိထားတဲ့ ငွေတွေကို သက်သက်အမြတ်ထုတ် ကုပ်သွေးစုပ်တာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့က တိုက်ဖျက်သွားမှာဖြစ်ပါတယ်**

**မူးယစ်ဆေးဝါးများကို AA အဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်ထဲအထိသွင်းယူ**

နောက်တစ်ခုကတော့ ရခိုင်ပြည်နယ်မှာ ဖြစ်နေတဲ့ AA သောင်းကျန်းသူတွေရဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ပြောလိုပါတယ်။ AA သောင်းကျန်းသူတွေအနေနဲ့ အခုရက်ပိုင်းအတွင်းမှာ မွတ်စလင် အသိုင်းအဝိုင်းနဲ့ပတ်သက်ပြီးတော့ ထူးထူးခြားခြား ပြောဆိုနေတာတွေ၊ ထုတ်လွှင့်နေတာတွေကို တွေ့ရပါတယ်။ ပထမဦးဆုံးအနေနဲ့ မောင်တောဒေသမှာရှိတဲ့ ဒေသလုံခြုံရေးတာဝန်ယူထားတဲ့ နယ်စပ်ဒေသကာကွယ်ရေးရဲတွေ၊ ရဲစခန်းတွေကို သူတို့တိုက်ခိုက်ခဲ့တယ်။ တိုက်ခိုက်ခဲ့တဲ့နေရာမှာ တချို့ရဲစခန်းတွေက ဆုတ်ခွာပေးလိုက်ရတယ်။ ဆုတ်ခွာပေးလိုက်တာနဲ့ AA အနေနဲ့ သတင်းတစ်ခု ထုတ်လွှင့်ခဲ့ပါတယ်။ အဲဒီသတင်းက ဘာလဲဆိုတော့ နယ်ခြားစောင့်ရဲတွေအနေနဲ့ ARSA အကြမ်းဖက်သောင်းကျန်းသူတွေကို လက်နက်တွေရောင်းချခဲ့တယ်ဆိုတဲ့ သတင်းမျိုးကို မဟုတ်မမှန်ထုတ်လွှင့်ခဲ့တာရှိပါတယ်။ အမှန်တော့ ဒီ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နဲ့ ARSA ဘင်္ဂါလီ သောင်းကျန်းသူ အဖွဲ့တွေက အရင်ကတည်းက အဆက်အသွယ်ရှိပြီး ဖြစ်ပါတယ်။ သူတို့ရဲ့အဓိက အဆက်အသွယ်ကတော့ မူးယစ်ဆေးဝါးလုပ်ငန်းပဲ ဖြစ်တယ်။ စိတ်ကြွရူးသွပ်ဆေးပြားများ၊ WY ဆေးပြားများ၊ ICE မူးယစ်ဆေးဝါးများကို AA အဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်ထဲအထိ သွင်းယူလာတာ ဖြစ်ပါတယ်။ ဒီဟာတွေက ဘယ်ကနေထွက်တယ်၊ ဘယ်နေရာကနေသွားတယ်ဆိုတာ အထောက်အထားအပြည့်အစုံနဲ့ AA က အဖွဲ့ဝင်တွေ၊ အရာရှိကြီးများကိုယ်တိုင် သူတို့ပြောနေတဲ့ AA ရဲ့စစ်ဘက်သူတို့ခေါင်းဆောင်လို့ ပြောနေတဲ့သူများကိုယ်တိုင် ပါဝင်ပတ်သက်တာ ဖြစ်ပါတယ်။ အကြိမ်ကြိမ်လည်း ဖမ်းဆီးရမိပြီး ဖြစ်ပါတယ်။ သက်သေအထောက်အထားနဲ့လည်း ကျွန်တော်တို့ ထုတ်ပြန်ပြီး ဖြစ်တယ်။ ဒီဟာတွေကို အဓိက ပင်လယ်ထွက်ပေါက်ကနေ ပို့တာရှိတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲကို ပို့တာရှိတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲမှာလည်း မကြာခဏ ဖမ်းဆီးရမိတာ ရှိတယ်။ နယ်စပ်အထိ AA အဖွဲ့က တာဝန်ယူပြီး ဟိုဘက်မှာ ARSA အဖွဲ့နဲ့ ချိတ်ပြီး လွှဲပြောင်းပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီနေရာမှာ ရဲစခန်းတွေက ဆုံးရှုံးခဲ့ရတဲ့လက်နက်တွေကို ARSA အဖွဲ့ကို ထောက်ပံ့ပြီးတော့ သူတို့ထောက်ပံ့တယ်ဆိုတာ မဖြစ်အောင်၊ ပြီးရင် စောင့်ကြည့်နေတဲ့ ရခိုင်ပြည်သူလူထုကို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက ဒီရက်ပိုင်းအတွင်းမှာပဲ AA အနေနဲ့ တပ်မတော်က ရခိုင်မှာရှိတဲ့ အဓိကကတော့ ဘူးသီးတောင် – မောင်တောမှာရှိတဲ့ မွတ်စလင်တွေကို စစ်သားစုဆောင်းနေတယ်ဆိုပြီး ကောလာဟလတွေ ဆက်တိုက်ထုတ်လွှင့်နေတာ ရှိပါတယ်။ ဘူးသီးတောင်– မောင်တော မှာရှိတဲ့ မည်သည့်မွတ်စလင် အသိုင်းအဝိုင်းကိုမဆို၊ မည်သည့်မွတ်စလင်ကျေးရွာကိုမဆို မေးမြန်းလို့ရပါတယ်။ စစ်သားစုဆောင်းခြင်းမရှိပါဘူး။ ဒီဒေသတွေမှာ မွတ်စလင်ရွာတွေနဲ့ တပ်မတော် တပ်ရင်း/တပ်ဖွဲ့တွေက အတူယှဉ်တွဲနေထိုင်လာတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပါတယ်။ ဒါတွေကို ဒီနေ့မှာဆိုရင် ဘူးသီးတောင်–မောင်တောဘက်မှာ AA အနေနဲ့ မွတ်စလင်ကျေးရွာတွေက ကိုယ်စားလှယ်တွေခေါ်ပြီး အစည်းအဝေးလုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးမှာ သူတို့အနေနဲ့ ဒီအဖွဲ့တွေကို တပ်မတော်နဲ့ မပူးပေါင်းဖို့၊ AA နဲ့ပူးပေါင်းဖို့၊ AA တပ်ထဲမှာဝင်ပါဖို့ ခြိမ်းခြောက်ပြောဆိုခဲ့တာရှိပါတယ်။ အခွင့်အရေးတွေ ပေးသွားမယ်ဆိုပြီး ပြောဆိုခဲ့တာလည်းရှိပါတယ်။ သူတို့ပြောဆိုခဲ့တဲ့ အထောက်အထားတွေအားလုံးလည်း ရှိပါတယ်။ နောက်တစ်ခုကတော့ ဘူးသီးတောင်မြို့နယ်ရဲ့ မောင်တောဘက်အထွက်မှာရှိတဲ့ လက်ဝဲတက်ပုဇွန်ချောင်း မွတ်စလင်ကျေးရွာတွေကို ဒီနေ့နံနက်မှာ AA အကြမ်းဖက် သောင်းကျန်းသူများက တပ်မတော်ကို သတင်းပေးတယ်ဆိုပြီး မီးရှို့ဖျက်ဆီးတာရှိပါတယ်။ အနည်းဆုံး အိမ်ခြေ ၇၀၀ လောက်အထိ ဆုံးရှုံးခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရသူတွေလည်း ရှိခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး တပ်မတော်အနေနဲ့ကတော့ ဘူးသီးတောင်မြို့မှာရှိတဲ့ မွတ်စလင်လူမှုကူညီရေး အသင်းနဲ့ ပူးပေါင်းပြီး ပြန်လည်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၃** ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၏ တတိယ အကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ အခမ်းအနား ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း ကျောင်းအနီး ရင်ပြင်ကျယ်၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နှင့် ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ စုံညီစွာတက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်း စစ်ချုပ်က ထမနဲထိုးပြိုင်ပွဲသည် အသင်းသားများ၏ စည်းလုံး ညီညွတ်မှု၊ အင်အားရှိမှု၊ စည်းစနစ်ကျနမှု၊ အချိုးအစား မျှတမှန်ကန်မှု၊ အစီအစဉ်တကျရှိမှုတို့ အပြင် စီမံခန့်ခွဲ ကြီးကြပ်ကွပ်ကဲနိုင်မှုကို ဖော်ညွှန်းနေသည့် ချစ်စရာ့မြန်မာ့ရိုးရာ ဓလေ့တစ်ခုလည်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း တပျော်တပါး ထမနဲထိုးယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးကြပြီး (ဝဲပုံ) စုပေါင်းထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းများကို ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ခွဲစိတ်ခန်းသုံးနှင့် သွားဘက်ဆိုင်ရာရောဂါများကုသရာတွင် အသုံးပြုသည့်အပ်များကို လုံခြုံစိတ်ချရသည့်ပစ္စည်းများဖြစ်အောင် ဆောင်ရွက်ရမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ စက်မှုဝန်ကြီးဌာနမှ BOT စနစ်ဖြင့် ငှားရမ်း၍ ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် သွားဘက်ဆိုင်ရာရောဂါများ ကုသရာတွင် အသုံးပြုသည့်အပ်များ ထုတ်လုပ်နေသည့်စက်ရုံသို့ ရောက်ရှိရာ စက်ရုံတာဝန်ခံက လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဈေးကွက်ရရှိမှုအခြေအနေ၊ စက်ရုံအောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် စီမံခန့်ခွဲမှုစနစ်တို့ကို ရှင်းလင်းတင်ပြသည်။**



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခွဲစိတ်ခန်းသုံး နှင့် သွားဘက်ဆိုင်ရာရောဂါများ ကုသရာတွင် အသုံးပြုသည့်အပ်များကို သုံးစွဲသည့်သူများ လုံခြုံစိတ်ချရသည့် ပစ္စည်းများဖြစ်အောင် နိုင်ငံတကာစံချိန်စံညွှန်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် ရရှိပြီးသည့် ISO အသိအမှတ်ပြုလက်မှတ်ပါ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံစီမံခန့်ခွဲမှုစနစ်များကိုလည်း အခြားစက်ရုံများလိုက်ပါ ဆောင်ရွက်နိုင်ရေး နည်းပညာများ ဖြန့်ဝေပေးစေလိုကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းများချဲ့ထွင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် သွားဘက်ဆိုင်ရာရောဂါများ ကုသရာတွင် အသုံးပြုသည့် အပ်များထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ (မှော်ဘီ) ၌ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် ဆေးဝါးသုံးမြင်းများ မွေးမြူထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရောဂါဘယကင်းစင်၍ သန်မာထွားကျိုင်းသည့် မြင်းများဖြစ်အောင် မွေးမြူရန်နှင့် မြင်းစာများကို သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကျွေးမွေးရန်၊ ဆေးဝါးသုံးမြင်းများကိုလည်း အပတ်စဉ်ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်၊ မြင်းမွေးမြူရေးခြံများ သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်ထားရှိရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှိုင်မြို့နယ်ရှိ အီလက်ထရောနစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာထုတ်လုပ်ရေးအလုပ်ရုံကို ရွှေကသာကုမ္ပဏီလီမိတက်က ငှားရမ်း၍ ဆိုလာပြားများထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်မှ တောင်းဆိုသည့်အတိုင်း ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရန်၊ စက်ရုံမှ ထုတ်လုပ်သည့်ဆိုလာပြားများသည် ဈေးနှုန်းချိုသာပြီး အရည်သွေးကောင်းမွန်သည့် ပစ္စည်းများဖြစ်အောင် စီမံဆောင်ရွက်ရန် မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) သို့ ရောက်ရှိပြီး သွေးကြောသွင်းဆေးရည်များ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းများကို ကြိုတင်ဖြည့်ဆည်းထားရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကိုလည်း လေ့ကျင့်သင်ကြားမွေးမြူထားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၄၅) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃** (၄၅)ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (45th Meeting of the High–level Task Force on ASEAN Economic Integration–HLTF–EI) အစည်းအဝေးကို လာအိုနိုင်ငံ ဘန်ဘင်းမြို့၌ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်း




အဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် လာအိုနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Manothong Vongsay က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ ၂၀၂၄ ခုနှစ်တွင် လာအိုနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စီးပွားရေးပေါင်းစည်းမှုနှင့် ဆက်သွယ်မှု၊ အားလုံးပါဝင်စေရေးနှင့် ရေရှည်တည်တံ့သော အနာဂတ်၊ ဒီဂျစ်တယ်သို့ အသွင်ကူးပြောင်းခြင်းစသည့် မဟာဗျူဟာ လုပ်ငန်းစဉ်(၃) ရပ် အောက်တွင် ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းစဉ် (၁၄) ရပ်တို့ကိုဆွေးနွေးခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းလမ်းပြမြေပုံ – ၂၀၂၅ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ ဆောင်ရွက်ရန် ရှိသည်များကို အပြီးသတ် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်းနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်–၂၀၄၅ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုချက်များ ဆွေးနွေးခြင်းနှင့် ၂၀၂၄ ခုနှစ် မတ် ၈ ရက်မှ ၉ ရက်အထိ ကျင်းပမည့်အကြိမ် (၃၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တင်ပြမည့်အကြံပြုချက်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့က အာဆီယံစီးပွားရေးမဏ္ဍိုင်၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ (AEC Eminent Persons)၊ အာဆီယံ၏ ပါလီမန်ကိုယ်စားလှယ်များ (ASEAN Inter–Parliamentary Assembly– AIPA) နှင့် မျက်နှာစုံညီတွေ့ဆုံ ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အများအားဖြင့် သာယာမည်**

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ကန်တော်မင်္ဂလာရှမ်းကန် ယာယီရှင်းလင်းဆောင်၌ ပျဉ်းမနားမြို့နယ် မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ပျဉ်းမနားမြို့ကို မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ အမှိုက်များစနစ်တကျစွန့်ပစ်သည့် အလေ့အထများရှိစေရေး မှာကြားသည်။**



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ကန်တော်မင်္ဂလာရှမ်းကန်တွင် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည့် ရေလယ်ကျောင်းဆောင်၊ ရှင်ဥပဂုတ္တကျောင်းဆောင်အသစ် တည်ဆောက်ခြင်းလုပ်ငန်းများ၊ လူလျှောက်လမ်းတံတားအသစ် တည်ဆောက်ပြီးစီးမှုနှင့် ကန်တော်မင်္ဂလာရှမ်းကန်၊ ဗိုလ်တောက်ထိန်လမ်းတွင် RC တိုင် အုတ်စီမြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်း၊ ရေမြောင်းပြုပြင်ခြင်းလုပ်ငန်းနှင့် ကွန်ကရစ်ရေမြောင်းဖုံး ပြုလုပ်ခြင်းလုပ်ငန်းများ၊ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်အတွင်းရှိ ရွှေချီ (၆) လမ်းတံတားငလိုက်ချောင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ပျဉ်းမနားမြို့ မေတ္တာကန်ပတ်လမ်းတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် လမ်းမီးတိုင်များ စိုက်ထူတပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ နွေစပါးစိုက်ပျိုးသည့် တောင်သူများထံ သဘာဝမြေဩဇာ၊ နွေသီးနှံစိုက်ပျိုးမည့် တောင်သူများအား ရေဆင်းစပ်မျိုးနေကြာ-၁ မျိုးများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာအနီးတွင် နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် ဆင်သေချောင်းလျှပ်စစ်ရေတင်လုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ အခြေခံပညာမူလတန်းအဆင့် ပဉ္စမတန်း(Grade-5) နှင့် အခြေခံပညာအလယ်တန်းအဆင့် နဝမတန်း (Grade-9) နှစ်ဆုံးစာမေးပွဲတွင် ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်ရေးလုပ်ငန်းများမရှိစေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်ရေးလုပ်ငန်းများ မရှိစေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကိုသက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ပဲခူးမြို့နယ် ရွာသစ်စံပြကျေးရွာ စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေ၊ တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီးအတွင်း မဲခေါင်-လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပဲခူးမြို့နယ် ရွာသစ်ကျေးရွာသို့ သွားရောက်၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၂) ဖြင့် ဆောင်ရွက်ပေးထားသည့် စံပြကျေးရွာထူထောင်ခြင်း စီမံကိန်းလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်၊ ကျေးရွာ၏ အဓိကအားထားရသော စပါးစိုက်ပျိုးရေးနှင့် ရာသီသီးနှံစိုက်ပျိုးရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေက ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကျေးရွာအတွင်း အမှိုက်စွန့်ပစ်စနစ်နှင့် ကျေးရွာသို့ လွှဲပြောင်းပေးသည့် အမှိုက်သိမ်းယာဉ်ကို လည်းကောင်း၊ ရွာသစ်ကျေးရွာသူ ကျေးရွာသားများ ထုတ်လုပ်ထားသော ကြိမ်၊ ဗေဒါ၊ ငှက်ပျောအခြေခံ လက်မှုကုန်ချောပစ္စည်းများကို လည်းကောင်း၊ Green House စနစ်ဖြင့် စိုက်ပျိုးထားသော သီးနှံများကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၂)ဖြင့် ဆောင်ရွက်ခဲ့သည့်ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ထားမှုနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဆိုလာစနစ် ကျေးလက်ရေရရှိရေးလုပ်ငန်းတို့ကို လည်းကောင်း၊ ပဲခူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော ရန်ကုန် - မန္တလေး လမ်းဟောင်းနှင့် ရွှေတန်ကျေးရွာဆက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ လှည်းကူးမြို့နယ် ကျောက်တ္တဒင်ကျေးရွာသို့ သွားရောက်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျောက်တ္တဒင် - ရေကဒစ်ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မှော်ဘီမြို့နယ် သန္တေပင်ကျေးရွာအုပ်စု ထိန်စွန်းကျေးရွာသို့သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ခွင့်ပြုခဲ့သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ငွေများဖြင့် စိုက်ပျိုးထားသော ကင်းပွန်းချဉ်၊ ဆူးပုတ်၊ မုန်လာဥနှင့် ရာသီသီးနှံစိုက်ခင်းများ၊ ကျေးရွာသူကျေးရွာသားများ၏ ကိုယ်ပိုင်စိုက်ခင်းများကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ထိန်စွန်းကျေးရွာဘုန်းကြီးကျောင်း၌ ကျေးရွာသူ ကျေးရွာသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသောလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ မြို့နယ်များ၌ ပြုလုပ်

**ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့်စပ်လျဉ်း၍ ပြည်သူများ ပိုမိုသိရှိနားလည်နိုင်စေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသိပညာပေးဆွေးနွေးပွဲများကို ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက မြို့နယ်အသီးသီး၌ ပြုလုပ်ပြီး အသိပညာပေးလျက်ရှိသည်။**

**လယ်ဝေး**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဖေဖော်ဝါရီ ၂၃ ရက်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် အဖွဲ့ဝင်များကပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ သပြေပင်ကျေးရွာ မှန်ကျောင်းဓမ္မာရုံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းသိကောင်းစရာများအား ရှင်းလင်းဆွေးနွေးပွဲကျင်းပရာ ကျေးရွာနေပြည်သူ ၄၀၀ တက်ရောက်ကြကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့်စပ်လျဉ်း၍ သိရှိနားလည်နိုင်စေရန် အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က အထက်ပန်းဆိုးတန်းလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြသိန်းထွန်းက ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်ချက်များနှင့်ပတ်သက်၍ ပြည်သူလူထုကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်စေရန်အတွက် အသိပညာပေးဆွေးနွေးပွဲ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ခိုင်က မီဒီယာအချို့၏ ကောလာဟလလုပ်ကြံသတင်းများကြောင့် စိုးရိမ်ကြောင့်ကြဖြစ်ရန် မလိုကြောင်းများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသည့် ရပ်မိရပ်ဖများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၀၃၂)

# အစ္စရေးဓားစာခံများ ပြန်လွှတ်ပေးရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ တွန်းအားပေးလုပ်ဆောင်

**ဂါဇာ ဖေဖော်ဝါရီ ၂၃**

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်အစိုးရအဖွဲ့က အရာရှိများသည် ဂါဇာဒေသပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် နောက်ထပ်တွန်းအားပေးလုပ်ဆောင်မှုများ လုပ်ဆောင်လျက်ရှိသည်။

**ဖိအားပေးမှုများခံနေရ**

လာမည့်သီတင်းပတ် အနည်းငယ်အတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုရရှိရန် လိုလားကြသည်။ စေ့စပ်ညှိနှိုင်းသူများသည် ဖမ်းဆီးခံထားရသည့် အစ္စရေးဓားစာခံများ၏ မိသားစုများထံမှ ထပ်မံဖိအားပေးမှုများ ခံနေရသည်။

**အဆုံးသတ်ခဲ့**

နိုဝင်ဘာလအတွင်းက ပြုလုပ်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအတွင်း ဖမ်းဆီးခံထားရသည့် ဓားစာခံ ၁၀၀ ကျော် ပြန်လည်လွတ်မြောက်လာပြီး ပါလက်စတိုင်း အကျဉ်းသား ၂၄၀ ပြန်လွှတ်ပေးနိုင်ရေး စေ့စပ်ညှိနှိုင်းသူများက စီမံနိုင်ခဲ့သည်။ သို့သော်လည်း အစ္စရေးတပ်မှူးများနှင့် ဟားမားစ်ခေါင်းဆောင်များသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ချိုးဖောက်သည်ဟု အပြန်အလှန်စွပ်စွဲကြပြီး အကျဉ်းသားများ ဖလှယ်ရေးကို အဆုံးသတ်ခဲ့ကြသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

စီအိုင်အေမှ ညွှန်ကြားရေးမှူးဖြစ်သူ ဝီယံဘန်းစ်က ကျန်ရှိနေသေးသည့် ဓားစာခံများ ပြန်လွှတ်ပေးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၎င်းသည် ဖေဖော်ဝါရီ ၂၃ ရက်တွင် ပါရီမြို့၌ အစ္စရေး၊ အီဂျစ်နှင့် ကာတာနိုင်ငံတို့မှ ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ဆွေးနွေးသွားမည်ဟု အမေရိကန်မီဒီယာများတွင် ဖော်ပြကြသည်။

**ပြင်ဆင်နေကြ**

အစ္စရေးကာကွယ်ရေးဝန်ကြီး ယိုအက်ဗ်ဂဲလန့်ကလည်း ၎င်းတို့နိုင်ငံမှ စေ့စပ်ညှိနှိုင်းသူများကို အခွင့်အာဏာပိုပေးမည်ဟု ပြောကြားခဲ့သည်။ သို့သော်လည်း ၎င်းတို့တပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသတွင် နောက်ထပ်စစ်ဆင်ရေးများအတွက် ပြင်ဆင်နေကြဆဲဖြစ်သည်။

ပါလက်စတိုင်းဒုက္ခသည် ၁ ဒသမ ၄ သန်းကျော် နေထိုင်နေသည့် ရာဖာမြို့တွင် ပြင်းထန်သည့် မြေပြင်စစ်ဆင်ရေးပြုလုပ်မည်ဟု ယိုအက်ဗ်ဂဲလန့်က ခြိမ်းခြောက်ထားသည်။ **အင်န်အိတ်ချ်ကေ**




ဓားစာခံများ ပြန်လွှတ်ပေးရေးအတွက် တဲအဗီးမြို့တွင် စုဝေးတောင်းဆိုနေကြသူများကို တွေ့ရစဉ်။

# ဂါဇာအလယ်ပိုင်း၌ အစ္စရေးတို့ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၄၀ သေဆုံး၊ ၁၀၀ ထက်မနည်း ဒဏ်ရာရရှိ

**ဂါဇာ ဖေဖော်ဝါရီ ၂၃**

ဂါဇာကမ်းမြောင်ဒေသ အလယ်ပိုင်းတွင် အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၄၀ ထက် မနည်းသေဆုံးပြီး အခြား ၁၀၀ ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာ၌ ဟားမားစ်အစိုးရဆိုင်ရာ မီဒီယာရုံးက ဖေဖော်ဝါရီ ၂၂ ရက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဒီရာ အယ်-ဘာလာ့မြို့၌ လူနေအိမ်အများအပြားကို အစ္စရေးလေယာဉ်များက တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ပါလက်စတိုင်းလုံခြုံရေး သတင်းရင်းမြစ်များက ပြောကြားသည်။ သေဆုံးသူများ၏ ရုပ်အလောင်းများကို အယ်-အာဆာ မာရိုစ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ဟားမားစ် ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အစ္စရေးစီးနင်းတိုက်ခိုက်ပြီးနောက် ယင်းဒေသ၌ ဆိုးဆိုးရွားရွားပျက်စီးခဲ့ပြီး လူနာတင်ယာဉ်များနှင့် အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့များက အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာခဲ့ကြောင်း လုံခြုံရေးသတင်းရင်းမြစ်များက ဆက်လက်ပြောသည်။ **ဆင်ဟွာ**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ခြံမွေးတိရစ္ဆာန်များအတွက် ခွာနာလျှာနာကာကွယ်ဆေး ထုတ်လုပ်ရန်စီစဉ်

**ဒါကာ ဖေဖော်ဝါရီ ၂၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ခွာနာလျှာနာကာကွယ်ဆေးဈေးကွက် မြင့်မားနေသည့်အတွက် ပြည်တွင်း၌ပင် ခွာနာလျှာနာကာကွယ်ဆေး(အက်ဖ်အမ်ဒီ) ထုတ်လုပ်ရန် စီစဉ်လျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်ငါးလုပ်ငန်းနှင့် မွေးမြူရေးဝန်ကြီး အက်ဒါရာမန်က ပြောကြားသည်။

အစိုးရက ခြံမွေးတိရစ္ဆာန်များအတွက် ကာကွယ်ဆေးများ ပြည်တွင်းသို့ တင်သွင်းမည့်အစား ခွာနာလျှာနာကာကွယ်ဆေးများ ထုတ်လုပ်ရန် အစီအစဉ်တစ်ခုရှိကြောင်း အမျိုးသားလွှတ်တော်အစည်းအဝေး၌ ဝန်ကြီးက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားသည်။ အဆိုပါ ကာကွယ်ဆေးအမျိုးအစားကို ပြည်တွင်း၌ မကြာမီထုတ်လုပ်မည်ဖြစ်ပြီး ကာကွယ်ဆေးထုတ်လုပ်ရန်အတွက် သုတေသနစင်တာကို တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြောင်း ၎င်းကပြောကြားသည်။ အက်ဖ်အမ်ဒီဆေးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မွေးမြူရေးကဏ္ဍအတွက် အဓိကစိန်ခေါ်မှု တစ်ခုဖြစ်ကြောင်း၊ ခွာနာလျှာနာရောဂါကူးစက်ခံထားရသည့် တိရစ္ဆာန်အများစုသည် ကာကွယ်ဆေးမရရှိသေးသဖြင့် ကုသခွင့် မရသေးကြောင်း သိရသည်။ **ဆင်ဟွာ**



# မော်လ်တာကမ်းလွန်တွင် ရွှေ့ပြောင်းခရီးသည် လှေနစ်မြုပ်ပြီး ငါးဦးထက်မနည်းသေဆုံး

**ဗယ်လက်တာ ဖေဖော်ဝါရီ ၂၃**

မော်လ်တာ ကမ်းခြေအနီးတွင် ရွှေ့ပြောင်းခရီးသည်တင် လှေတစ်စင်း နစ်မြုပ်ပြီးနောက် ငါးဦးထက်မနည်းသေဆုံးခဲ့သည်ဟု ဒေသမီဒီယာက ဖေဖော်ဝါရီ ၂၃ ရက်တွင် ဖော်ပြခဲ့သည်။

လှေနစ်မြုပ်ချိန်တွင် အခြားခရီးသည် အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။ လှေနစ်မြုပ်မှုသည် ဒေသစံတော်ချိန် နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ရွှေ့ပြောင်းခရီးသည် ၃၀ လိုက်ပါလာသည့် အဆိုပါလှေသည် ဥရောပသို့ ဦးတည်ထွက်ခွာချိန်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ရွှေ့ပြောင်းခရီးသည်များသည် စိတ်သောကရောက်နေကြပြီး အကူအညီများ တောင်းခံထားသည်။

မော်လ်တာ ကင်းလှည့်ရေယာဉ်တစ်စင်းသည် လှေပေါ်ပါသူများကို ကယ်ဆယ်ရန် အခင်းဖြစ်ပွားရာ နေရာသို့ ရောက်ရှိခဲ့သော်လည်း အဆိုပါလှေမှာ မော်လ်တာကမ်းလွန်တွင် နစ်မြုပ်ခဲ့သည်။ လှေနစ်မြုပ်ရသည့် အကြောင်းကို ယခုအချိန်ထိ မသိရသေးချေ။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံတင်ပို့မှုမှာ ၂၀၂၄ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံအထိ ရှိလာမည်

**ဟနွိုင်း ဖေဖော်ဝါရီ ၂၃**

ဗီယက်နမ်နိုင်ငံ၏ သစ်သီးနှင့်ဟင်းသီးဟင်းရွက် တင်ပို့မှုမှာ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ဘီလီယံအထိ ရရှိလိမ့်မည်ဟု ခန့်မှန်းထားသည်။ ၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ သစ်သီးနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုမှာ ၅ ဒသမ ၆ ဘီလီယံနီးပါး စံချိန်တင်ဝင်ငွေရရှိခဲ့သည်ဟု စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ဖော်ပြချက်ကို ကိုးကား၍ ဗီယက်နမ်နယူးစ်တွင် ဖော်ပြထားသည်။

တရုတ်ဈေးကွက်တွင် ဝယ်လိုအားတိုးလာသည့်အတွက် ယခုလို သစ်သီးတင်ပို့မှုအတွက် အလားအလာကောင်းများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း နောက်ထပ်သစ်သီးအမျိုးအစားများ တရားဝင်တင်ပို့နိုင်ရေးအတွက်လည်း ဗီယက်နမ်နိုင်ငံက စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိသည်။

၂၀၂၄ ခုနှစ်အတွင်း သစ်သီးနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုမှာ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာနိုင်ကြောင်း ဗီယက်နမ်နိုင်ငံ သစ်သီးဝလံအဖွဲ့အစည်းမှ အထွေထွေအတွင်းရေးမှူး ဒန်ဖြူငုယင်က ခန့်မှန်းထားသည်။ ၂၀၂၄ ခုနှစ် ပထမဆုံးလတွင် နိုင်ငံ၏ သစ်သီးနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၅၁၀ ဝင်ငွေရရှိခဲ့သည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၅၀၀၀ ကျော်ရှိ


**ကိုလံဘို ဖေဖော်ဝါရီ ၂၃**

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၅၀၀၀ ကျော်ရှိပြီး သေဆုံးသူ ငါးဦးရှိပြီဟု အမျိုးသားသွေးလွန်တုပ်ကွေးရောဂါထိန်းချုပ်ရေးယူနစ်က ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောသည်။ အမျိုးသားသွေးလွန်တုပ်ကွေး ရောဂါထိန်းချုပ်ရေးယူနစ်၏ နောက်ဆုံးထုတ်ပြန်ထားသောအချက်အလက်များအရ ဇန်နဝါရီလတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၀၄၁၇ ဦးရှိပြီး ဖေဖော်ဝါရီ ၂၃ ရက်အထိ ရောဂါဖြစ်ပွားသူ ၄၉၉၆ ဦးရှိသည်ဟု သိရသည်။

အနောက်ပိုင်းပြည်နယ်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူဦးရေမှာ အများဆုံးဖြစ်ပြီး ရောဂါဖြစ်ပွားသူ ၅၂၇၅ ဦးရှိသည်။ ပြီးခဲ့သည့်နှစ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၈၈၀၀၀ ကျော်ရှိခဲ့ပြီး သေဆုံးသူ ၅၇ ဦးရှိခဲ့သည်ဟု အမျိုးသားသွေးလွန်တုပ်ကွေးရောဂါထိန်းချုပ်ရေးယူနစ်၏ ဖော်ပြချက်အရ သိရသည်။ **ဆင်ဟွာ**

# Mashala Tech Co.,Ltd အမည်ရှိ Online ချေးငွေလုပ်ငန်းဖြင့် အများပြည်သူများထံမှ ကုပ်သွေးစုပ် ငွေကြေးအမြတ်ထုတ် လိမ်လည်လုပ်ကိုင်နေသည့်အဖွဲ့အား ဖမ်းဆီးရမိ

Mashala Tech Co.,Ltd မှ Online ချေးငွေလုပ်ငန်းလုပ်ကိုင်သူများအား ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေအနေ



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**


မိဘပြည်သူများအား Online မှ တစ်ဆင့် အတိုးနှုန်းမြင့်မားစွာဖြင့် ချေးငွေပေးခြင်းများ ပြုလုပ်၍ ၎င်းချေးငွေများအား အမြန်ဆုံး ပြန်လည်ပေးသွင်းစေခြင်း၊ ပေးသွင်းခြင်း မရှိပါက အဆိုပါချေးငွေရယူစဉ် နည်းပညာအသုံးပြု၍ ၎င်းတို့ ရယူထားသည့် အချက်အလက်များကို အသုံးချကာ ခြိမ်းခြောက်ငွေ တောင်းခံခြင်း စသည်ဖြင့် ငွေကြေးလိမ်လည်မှုများ ပြုလုပ်လျက်ရှိကြောင်း လိမ်လည်ခံရသူများ၏ တိုင်ကြားချက်များ၊ အခြားသတင်းအချက်အလက်များအရ သိရှိရသဖြင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် မှုခင်းရဲတပ်ဖွဲ့တို့က ပူးပေါင်း၍ ဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**စစ်ဆေးဖော်ထုတ်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဆက်စပ်သတင်းများအရ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် (၉) ရပ်ကွက် နတ်မောက်လမ်း အမှတ်(၄၅၈/က)၌ နေထိုင်သူ မဆုရည်နွယ်(ဘ) ဦးဝင်းဦးသည် အွန်လိုင်းချေးငွေကိစ္စရပ်များနှင့် ပတ်သက်၍ ဖုန်းဆက်ခြိမ်းခြောက်ကာ ငွေကြေးတောင်းခံမှုများ ပြုလုပ်နေကြောင်း သိရှိရသဖြင့် ဖေဖော်ဝါရီ ၁၅ ရက်တွင် ၎င်းအား လိုအပ်သည့် စစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ၎င်းသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလခန့်တွင် TikTok လူမှုကွန်ရက် စာမျက်နှာမှ တွေ့ရှိသည့် Mashala Tech Co.,Ltd အမည်ရှိ အွန်လိုင်းချေးငွေဝန်ဆောင်မှုလုပ်ငန်း၊ Team – A တွင် ချေးငွေကောက်ခံသူအဖြစ် တစ်လလျှင် လစာ ငွေကျပ် ၃၂၀၀၀၀ ဖြင့် စတင်ဝင်ရောက်ခဲ့ကြောင်း ကနဦး သိရှိရသည်။

မဆုရည်နွယ် ၏ ထွက်ဆိုချက်များအရ Mashala Tech Co.,Ltd အမည်ရှိ Online ချေးငွေလုပ်ငန်းဖြင့် အများပြည်သူများထံမှ ကုပ်သွေးစုပ် ငွေကြေးအမြတ်ထုတ် လိမ်လည်လုပ်ကိုင်နေသူများအား ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၂ ရက်အထိ ဖော်ထုတ်ဖမ်းဆီးခဲ့ရာ မမြတ်စန္ဒာဝင်း(ခ)စန္ဒာ အပါအဝင် စုစုပေါင်း တရားခံ ၁၃ ဦးအား ၎င်းတို့ လိမ်လည်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သည့် Laptop ၁၃၃ လုံး၊ လက်ကိုင်ဖုန်း ၁၀ လုံး၊ မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စိစစ်ချက်များအရ အထက်ပါ Mashala Tech CO.,Ltd အား ဦးဇေယျာမင်း (ဘ) ဦးအောင်မင်း တစ်ဦးတည်းအမည်ဖြင့် မှတ်ပုံတင်ထားသော်လည်း အမှန်တကယ် လုပ်ငန်းလုပ်ကိုင်နေသူမှာ တရုတ်နိုင်ငံသား Mr. Yu Linfeng (ခ) Willian ဖြစ်ကာ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်း အမှတ် (၄၄/၅၆) MMG Tower၊ (၆)လွှာ အခန်း (၆၀၄) တွင် ဖွင့်လှစ်ထားရှိကြောင်း၊ Mr. Yu Linfeng သည် ဇန်နဝါရီ ၅ ရက်၌ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားရာမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခြင်း မရှိသေးကြောင်း၊ ကုမ္ပဏီအနေဖြင့် အွန်လိုင်းချေးငွေ လုပ်ငန်းများ လုပ်ကိုင်ရာတွင် Mr. Yu Linfeng က ဦးဆောင်ပြီး ဖမ်းဆီးရမိပြီးဖြစ်သည့် HR ဝန်ထမ်းဖြစ်သူ မြတ်စန္ဒာဝင်း၊ Assistant HR ဝန်ထမ်းများဖြစ်သူ ဖမ်းဆီးရမိပြီးဖြစ်သည့် မမို့မို့အောင်နှင့် ဖမ်းဆီးရန်ကျန် ကျော်မင်းဖြိုးတို့က ကြီးကြပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ၎င်းတို့၏ ကြီးကြပ်မှုအောက်တွင် အွန်လိုင်းချေးငွေများရယူလာစေရေး ဆွဲဆောင်သည့်အဖွဲ့၊ ချေးငွေ Application Download ပြုလုပ်ရန် ခိုင်းစေသည့်အဖွဲ့၊ ချေးငွေလျှောက်လွှာ စိစစ်သည့်အဖွဲ့နှင့် ချေးငွေပြန်လည် ခြိမ်းခြောက်တောင်းခံသည့် အဖွဲ့ဟူ၍ အဖွဲ့ လေးဖွဲ့ခွဲကာ လုပ်ကိုင်လျက်ရှိကြောင်း။



ဦးဇေယျာမင်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Mashala Tech CO.,Ltd ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(ယာပုံ)




**ဖမ်းဆီးရမိ**

ချေးငွေလျှောက်လွှာ စိစစ်သည့်အဖွဲ့အား ဖမ်းဆီးရမိပြီးဖြစ်သည့် Leader ဖြစ်သူ မလွင်မေချစ် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် လည်းကောင်း၊ ချေးငွေပြန်လည် ခြိမ်းခြောက်တောင်းခံသည့် အဖွဲ့ကို Team A, E, J, N, S, X အဖွဲ့ ၆ ဖွဲ့ ခွဲထားပြီး Team–A တွင် ဖမ်းဆီးရမိပြီးဖြစ်သည့် Leader ဖြစ်သူ မဝေဖြိုးသွယ်နှင့် Data Analysis ဖြစ်သူ မအေးမြင့်သူ အပါအဝင် ချေးငွေကောက်ခံသူ ၁၅ ဦး၊ Team–E တွင် ဖမ်းဆီးရန်ကျန် Leader ဖြစ်သူ မောင်လဝန်းယံ အပါအဝင်ချေးငွေကောက်ခံသူ ၁၀ ဦး၊ Team–N တွင် ဖမ်းဆီးရန်ကျန် Leader ဖြစ်သူ လင်းကောင်းခန့် အပါအဝင် ချေးငွေကောက်ခံသူ ၁၀ ဦး၊ Team–J တွင် ဖမ်းဆီးရမိပြီးဖြစ်သည့် Leader ဖြစ်သူ မရတနာ အပါအဝင် ချေးငွေကောက်ခံသူ ၂၀ ၊ Team–S တွင် ဖမ်းဆီးရန်ကျန် Leader ဖြစ်သူ မနှင်းလပြည့်နှင့် မောင်ဇာနည်ဖြိုး အပါအဝင် ချေးငွေကောက်ခံသူ ၁၆ ဦး၊ Team–X တွင် ဖမ်းဆီးရန်ကျန် Leader ဖြစ်သူ မပန်းအိမွန်နှင့် မနှင်းအိခိုင်အပါအဝင် ချေးငွေကောက်ခံသူ ၂၀ စုစုပေါင်း ၉၁ ဦးတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရန်ကျန် တရုတ်နိုင်ငံသားဖြစ်သူ Mr.Yu Linfeng(ခ) Willian နှင့် ဖမ်းဆီးရမိသူများဖြစ်သည့် မမြတ်စန္ဒာဝင်း(ခ)စန္ဒာ၊ မအေးမြင့်သူ(ခ) ဇူးဇူးကို၊ ဆုရည်နွယ်၊ မဝေဖြိုးသွယ်(ခ)မဝေ၊ မင်းခန့်ကျော်၊ ဇော်ထက်အောင်၊ ကျော်ဇင်ထက်၊ မရတနာ၊ မလွင်မေချစ်၊ ရဲနိုင်ဝင်း၊ မမို့မို့အောင်၊ မင်းခန့်ကျော်(ခ) ခန့်ကျော်၊ ငြိမ်းချမ်းဆွေနှင့်

*စာမျက်နှာ ၁၅ သို့*



Officer Details

Close

Officer Type
Director

| Effective Date | Last Changed Date | Cessation Date |
|---|---|---|
| 10/08/2022 | 10/08/2022 | |

Full Name in English: ZAYAR MIN
Former Name in English: -

Full Name in Myanmar: ဇေယျာမင်း
Former Name in Myanmar:

Nationality: Myanmar
N.R.C (for Myanmar citizens)/Passport(for foreign individuals): 13/YASANA(N)135336

Other Nationalities, if applicable
Business Occupation

Gender: Male
Date of Birth: 01/07/1984

Phone number: 09403337869
Email address: lyu80497@gmail.com

Address
BANYAR NYUNT STREET, 4TH FLOOR,ROYAL THAZIN CONDO, DAGON TOWNSHIP, YANGON REGION, MYANMAR

*စာမျက်နှာ ၁၄ မှ*

မစုစုအေးတို့အား အမှုဖွင့်လှစ်၍ တရားဥပဒေနှင့်အညီ အရေးယူမှုများ ဆောင်ရွက်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိပြီး ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

**ခြိမ်းခြောက်ပြောဆို**

Mashala Tech CO.,Ltd ကုမ္ပဏီအနေဖြင့် Morning Cash၊ Smile Loan၊ Cash Loop၊ WA Wallet ၊ PK Cash ၊ AJ Cash ၊ Morning Wallet ၊ Sky Cash ၊ Happy Cash ၊ Sun Bag ၊ Zuri Loan နှင့် Quick Cash စသည့် ချေးငွေ Application များအား အများပြည်သူ မြင်သာနိုင်ရန် Wave Money Application တွင် ထည့်သွင်း ကြော်ငြာခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ချေးငွေရယူလိုသူများ အနေဖြင့် အဆိုပါ Application များကို Download ပြုလုပ်၍ ဖုန်းအတွင်း Install ပြုလုပ်ပြီးပါက Register ပြုလုပ်ရန်အတွက် ချေးငွေပုံစံ ဖြည့်သွင်းရာတွင် အမည်၊ ဓာတ်ပုံ၊ ဖုန်းနံပါတ်၊ ငွေလက်ခံမည့် KBZ Pay/Wave Pay အကောင့်များ၊ နိုင်ငံသားစိစစ်ရေးကတ် (ရှေ့/နောက်)ဓာတ်ပုံနှင့် Gmail တို့ကို ဖြည့်သွင်းပေးရကြောင်း၊ ဖုန်းတွင် Permission Access တောင်းခံပြီး ချေးယူလိုသူက Allow ပြုလုပ်ပါက Gmail ချိတ်ဆက်ထားသည့် ဖုန်း Contact များ အားလုံးကို Application က တရားမဝင် ရရှိသွားကြောင်း၊ ထိုသို့ ပြုလုပ်ပြီးနောက် ချေးငွေရယူလိုသူများထံ ချေးယူမည့် ငွေပမာဏ၏ ၃၀ ရာခိုင်နှုန်းကို အတိုးဖြတ်တောက်၍ KBZ Pay/ Wave Pay မှ တစ်ဆင့် လွှဲပြောင်းပေးပြီး အနည်းဆုံး ငွေကျပ် ၃၀၀၀၀ မှ အများဆုံး ငွေကျပ် ၃၀၀၀၀၀ အထိ ချေးပေးကြောင်း၊ ထို့နောက် ချေးယူငွေများအား တစ်ပတ်အတွင်း ပြန်လည်ပေးဆပ်စေပြီး ကုမ္ပဏီဝန်ထမ်းများ အနေဖြင့် ချေးငွေ ရယူထားသူများအား ဖုန်းဖြင့် ခေါ်ဆိုခြင်း၊ Viber သို့မဟုတ် SMS မှ တစ်ဆင့် ချေးငွေပေးဆပ်ရန် ဆက်သွယ်တောင်းဆိုခြင်းများ ပြုလုပ်ကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်ခြင်းမရှိသူများနှင့် ၎င်းဖုန်းအတွင်းမှ Contact Person များကို ဖုန်းဖြင့် ဆက်သွယ်၍ ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်သည့်အပြင် လူမှုကွန်ရက် စာမျက်နှာများတွင် အရှက်တကွဲဖြစ်စေရန် ခြိမ်းခြောက်ပြောဆိုခြင်းများ ပြုလုပ်ကြောင်း သိရှိရသည်။

**ငွေကြေးအမြတ်ထုတ်**

ငွေကြေး လိမ်လည်သူများအနေဖြင့် အဖွဲ့များဖွဲ့၍ အထက်ပါနည်းလမ်းများ အပါအဝင် အခြားနည်းလမ်း မျိုးစုံဖြင့် ငွေကြေးအမြတ်ထုတ်လျက်ရှိပြီး အများပြည်သူများ သတိပြုမိနိုင်စေရေးအတွက် ဖြစ်စဉ်တစ်ခုအနေဖြင့် ဖော်ပြရမည်ဆိုပါက အသေးစား စားသောက်ကုန်ဖြန့်ချိရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးထံသို့ ငွေကြေးလိမ်လည်သူများအနေဖြင့် Delivery Service အသွင် ဖုန်းဖြင့် ဆက်သွယ်၍ ၎င်းတို့ Service အား စမ်းသပ်အသုံးပြုရန် ဆက်သွယ်ခဲ့ကြောင်း၊ ထို့နောက် ဖုန်းဖြင့်ဆက်သွယ်ခြင်း၊ Viber မှ Video Call များ ခေါ်ဆိုခြင်းများ ပြုလုပ်ပြီး ယုံကြည်မှုရရှိစေရန် ဆောင်ရွက်ကာ လုပ်ငန်းနှင့်ပတ်သက်၍ စာချုပ်ချုပ်ခြင်း၊ လျှောက်လွှာတင်ခြင်းများ ဆောင်ရွက်ရန်အတွက် Application တစ်ခုအား Download ပြုလုပ်စေခဲ့ပြီး Permission များ တောင်းသည့်အခါတွင် Allowed ၊ Accept များ ပြုလုပ်စေခဲ့ကာ လုပ်ငန်းရှင်ဖြစ်သူ၏ ဖုန်းအတွင်းမှ Contact၊ Call log ၊ SMS ၊ Photo ၊ Video၊ G–Mail ၊ K pay ၊ Wave pay အသုံးပြုသည့် ဖုန်းနံပါတ်များ အပါအဝင် ကိုယ်ရေးကိုယ်တာ အချက်အလက်များအား နည်းပညာဖြင့် Hack ၍ တရားမဝင် ရယူခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ပြီး ရက်ပိုင်းအတွင်း၌ လုပ်ငန်းရှင်ဖြစ်သူ၏ K pay အတွင်းသို့ အကြောင်းတစ်စုံတစ်ရာမရှိဘဲ ငွေပမာဏတူ ငွေလွှဲ (၆)ကြိမ် ရောက်ရှိလာခဲ့ပြီး ဖုန်းနံပါတ်တစ်ခုဖြင့် ဆက်သွယ်ကာ ဖုန်းနံပါတ်လွဲမှား၍ ငွေပေးပို့မိသည့် အသွင်ဖြင့်ပြောဆို၍ ငွေများအား ပြန်လည်လွှဲစေခဲ့ကြောင်း၊ ထိုသို့ ဖြစ်ပေါ်ခဲ့ပြီး တစ်ပတ်ခန့်အကြာတွင် ဖုန်းနံပါတ်မျိုးစုံဖြင့် ဆက်သွယ်၍ ၎င်းတို့ထံမှ ရယူထားသည့် Online ချေးငွေများအား ပြန်လည်ပေးဆပ်ရန် ဆက်တိုက်ပြောဆိုခဲ့သောကြောင့် လုပ်ငန်းရှင်မှ ၎င်းအနေဖြင့် မည်သည့်ချေးငွေမျှ ရယူထားခြင်းမရှိကြောင်း၊ မသိကြောင်း ပြောဆိုရာတွင် ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်ကိုသာမက ၎င်းတို့ တရားမဝင်ရယူထားသည့် လုပ်ငန်းရှင်၏ Contact အတွင်းမှ ဆွေမျိုးသားချင်းများ၊ လုပ်ဖော်ကိုင်ဖက်များထံသို့လည်း ဆက်သွယ် အရှက်ခွဲခြင်းများ၊ သိက္ခာချခြင်းများ ပြုလုပ်လာသဖြင့် လုပ်ငန်းရှင်အနေဖြင့် ချေးယူထားခြင်း မရှိသည့် ငွေကြေးပမာဏ တစ်ခုအား မတတ်သာတော့သဖြင့် လွှဲပေးလိုက်ရကြောင်း၊ ထိုသို့လွှဲပေးခဲ့ရပြီး ၂ ရက်ခန့် အကြာတွင်လည်း Viber မှတစ်ဆင့် Video Call ခေါ်ထားသည့်ပုံများ၊ ဖုန်းအတွင်းမှ ကိုယ်ရေးကိုယ်တာပုံများ၊ မှတ်ပုံတင်များဖြင့် ခြိမ်းခြောက်၍ ငွေကြေးပမာဏတစ်ခုအား ထပ်မံခြိမ်းခြောက် တောင်းဆိုခဲ့ပြီး လုပ်ငန်းရှင်မှ ပေးဆောင်နိုင်ခြင်း မရှိသောအခါ အထက်တွင် ဆောင်ရွက်ခဲ့သည့် အတိုင်း လုပ်ငန်းရှင်၏ Contact အတွင်းမှ ဆွေမျိုးသားချင်းများ၊ လုပ်ဖော်ကိုင်ဖက်များထံသို့ ဆက်သွယ် အရှက်ခွဲခြင်းသာမက လူမှုကွန်ရက် စာမျက်နှာများ၌ လုပ်ငန်းရှင်၏ ဓာတ်ပုံများ၊ ဖုန်းနံပါတ်များ၊ မှတ်ပုံတင်များတင်၍ အကြမ်းဖက် PDF ဖြစ်ကြောင်း စသည့် နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

မိဘပြည်သူများ အနေဖြင့် ငွေကြေး လိမ်လည်မှုများ ပပျောက်စေရေးအတွက် မိမိတို့ ပတ်ဝန်းကျင်တွင် အထက်ပါ ဖြစ်စဉ်များကဲ့သို့ ငွေကြေးနှင့် ပတ်သက်သည့် မသင်္ကာဖွယ်ရာ အပြုအမူများနှင့် လိမ်လည်မှု ဆောင်ရွက်နေသည်ဟု ယူဆရမှုများအား တွေ့ရှိရပါက တာဝန်ရှိသူများထံသို့ အမြန်ဆုံး အကြောင်းကြားခြင်းဖြင့် ပူးပေါင်းပါဝင် တိုက်ဖျက်နိုင်ကြပါရန်နှင့် ငွေကြေးလိမ်လည်မှု ဖြစ်စဉ်များနှင့် ပတ်သက်၍ သတိပြုနိုင်စေရေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



တရုတ်နိုင်ငံသား Yu Linfeng(ဝီလီယံ)၏ Passport–E16462374 မှတ်တမ်းဓာတ်ပုံ။



ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက် Diamond Condo Tower A (၆)လွှာ အခန်း(၆၀၄)အား ဝင်ရောက်ရှာဖွေတွေ့ရှိမှု။



မရမ်းကုန်းမြို့နယ် Gandamar Residence (၆)လွှာ အခန်း(၆၀၂) ရှိ ရုံးခန်းကို ဝင်ရောက်ရှာဖွေတွေ့ရှိမှု။



ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ပုလဲကွန်ဒို Building E (၅)လွှာ အခန်း(၅၀၁)ရှိ ရုံးခန်းကို ဝင်ရောက်ရှာဖွေတွေ့ရှိမှု။



တရားမဝင် Online ငွေကြေးလိမ်လည်မှု ပြုလုပ်နေသည့် တရားခံများအား မော်တော်ယာဉ် တစ်စီး၊ Laptop များ၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

## ၂၀၂၃ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆုချီးမြှင့်ရန် ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်မှ ၂၀၂၃ ခုနှစ်အတွက် အမျိုးသား၊ အမျိုးသမီး အကောင်းဆုံးအားကစားသမားဆု ချီးမြှင့်ရန်အတွက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာနအဖွဲ့ချုပ်ရုံး၌ ပြုလုပ်သည်။

ဦးစွာ မြန်မာနိုင်ငံ အားကစားမီဒီယာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညာဏ်ထွန်း (စာရေးဆရာလေးကိုကို)က ဆုရွေးချယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမြင့်ဆွေ (မြင့်ဆွေမြင့်)၊ ဦးဝဏ္ဏ(မာဂျေ)နှင့် အမှုဆောင်များက ၂၀၂၃ ခုနှစ်အတွက် အကောင်ဆုံးအမျိုးသား၊ အမျိုးသမီးအားကစားသမားဆု ရွေးချယ်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်စိုး**



ရန်ကုန်တိုင်း ဒေသကြီး ဗိုလ်တထောင်မြို့နယ် အရှေ့ပိုင်းဆေးရုံရှိ ဝန်ထမ်းများအား ဖေဖော်ဝါရီ ၂၃ ရက်က မြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးညီညီဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးသရုပ်ပြခြင်းနှင့် မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်စဉ်။

အာကာလင်း

# တပို့တွဲလ

## မောင်လူမွေး (မြန်မာမှု)

မြန်မာ့ပြက္ခဒိန် ဆယ့်နှစ်လရာသီများ အရေးအသားတွင် ဆယ့်တစ်လမြောက်ဖြစ်သော တပို့တွဲလကို ရှေးပုဂံခေတ်က “တပိုဝ်” (ပုဂံပြတိုက် ကျောက်စာတိုင်အမှတ်-၁၂၆၊ သက္ကရာဇ်-၅၀၀ ကျော်)၊ တပိုဝ်ထွယ်လ (ဟန်လင်းကျောက်စာရုံ အမှတ်-၃-သက္ကရာဇ်-၅၇၉)၊ တပိုဝ်ထွယ်လ (ငါတသင်ကျောက်စာ-သက္ကရာဇ် ၅၈၇)၊ တပိုဝ္ဍထွယ်လ (သိခင်မြင်းခုန်တိုင် ကျောက်စာ-သက္ကရာဇ်-၅၉၁) စသည်ဖြင့် ရေးသားလာကြရာ နောက်ပစ် - “ဲ” နေရာတွင် - “ယ်” သတ်ဖြင့် တပိုဝ်ထွယ်၊ တပိုဝ္ဍထွယ် စသဖြင့် မတည်ငြိမ်သေးသော အရေးအသားကို တွေ့ရလေသည်။ မြန်မာ အက္ခရာဗေဒပညာရှင် ဝဋ္ဋသကာ ဆရာကြီးဦးသောင်းလွင်က နောက်ပစ် - “ဲ” နှင့် ယသတ် - “ယ်”၊ “ -ု” နှင့် “ေ-ာ”၊ ဥ နှင့် အော အသဝဏ်ပြုမှုများသည် ရာစုနှစ်များဖြတ်သန်းခဲ့ရသည်ဟု ညွှန်းဆိုထားလေသည်။ မည်သို့ဆိုစေ ကုန်းဘောင်ခေတ်ရောက်သောအခါ တပို့တွဲ (ဂေါတမဂူ ကျောက်စာ သက္ကရာဇ်-၁၁၉ ခု)၊ တပို့တွဲလပြည့် (ပုဂံရွှေစည်းခုံ ကျောက်စာနောက်ထိုး-၁၁၁၉) ဟု ယနေ့ခေတ်အရေးအသားမျိုးကဲ့သို့ ရေးလာကြပေပြီ။

### ရှေးရေးထုံးနှင့် မြန်မာဝေါဟာရများ

တစ်ဖန် “တပို့တွဲ” တွင်လည်း အစတွင် “ထ” အက္ခရာကိုသာ အဆက်ဆက်သုံးလာသည်ကို တွေ့ရသည်။ ထွယ်မှ.. ထွဲ.. တွဲ သို့ အဆင့်ဆင့်ပြောင်းလဲခြင်းမှာ ယသတ် -ယ် နှင့် နောက်ပစ် “ဲ” တို့သည် သဒ္ဒါကာရန်ပိုင်းဆိုင်ရာ၊ သဒ္ဒဗေဒဆိုင်ရာဖြစ်၍ ဆရာကြီးဦးဖိုးလတ်က အကျယ်တဝင့် ဝေဖန်မှုမပြုခဲ့သော်လည်း တပို့တွဲမှ “ထ” အက္ခရာကိုမူ ဝေါဟာရဗေဒ ဘာသာဗေဒအရ ရှေးရေးထုံးနှင့် မြန်မာဝေါဟာရများကို ကြံဆ၍ အဓိပ္ပာယ် ဖွင့်ဆိုတော်မူကြကုန်သော ဒုတိယကျော်အောင်စံထား ဆရာတော်၏ ဝေါဟာရတ္ထပကာသနီကျမ်း (သက္ကရာဇ် - ၁၀၈၀ - ၁၁၅၅ ခန့်)၊ လေှသင်းအတွင်းဝန် ဦးချိန်၏ ဝေါဟာရလီနတ္ထဒီပနီ (သက္ကရာဇ်-၁၁၅၈-၁၂၁၇) ကျမ်းတို့၏ အဓိပ္ပာယ်ယူဆချက်များကို သုံးသပ်၍လည်းကောင်း၊ တရုတ် တိဗက် ပါဠိ အာရိယန်ဘာသာဝင်စကားတို့နှင့်လည်းကောင်း၊ မြန်မာတိုင်းရင်းမျိုးနွယ်စုများဖြစ်ကြသော ကချင် ကရင် ချင်း မွန် ရှမ်း စသည့် လူမျိုးစုတို့၏ “အချို” ဟော “ထန်” ဝေါဟာရကိုကြံဆ၍ ၎င်းအောက်ပါအတိုင်း ကောက်ချက်ချ အဘိဓာန်ပုဒ်ကို ဖွင့်ဆိုထားလေသည်။

တပို့တွဲ (ကျောက်စာ-တပို့ထွဲ) ထန်းဖူးထန်းခိုင်တံတို့အား အောက်သို့ ကိုင်းညွတ်ဆွဲဆိုင်းအောင် တွဲအောင်ပြုသည်၊ ထန်းရည်နင်းသည်။ ထန်းဖူး ထန်းခိုင်တံတို့အား အောက်သို့ ကိုင်းညွတ်ဆွဲဆိုင်းအောင် တွဲအောင်ပြုသော လ၊ ထန်းရည်နင်းလ၊ မြန်မာ့တစ်ဆယ့်နှစ်လတို့တွင် တစ်ဆယ့်တစ်လမြောက်လ၊ ကုံရာသီ။ (တပို့= ထန်းဖူး၊ ထန်းခိုင်တံ+တွဲ=တွဲစေသည်။ တ-တန်း-ပါဠိ၊ တာလ=ထန်း+ပို့=ချွန်၊ မို့၊ ဖု၊ လုံး)

ဤသို့ဆရာကြီး ဦးဖိုးလတ်၏အဆိုကို ဦးစွာပြခြင်းမှာ ဝေါဟာရတ္ထပကာသနီကျမ်းအရ- လယ်ယာလုပ်သားကြီးများသည် လုပ်ခင်းကိုင်ယာပြီး၍ ထမ်းပိုးများကို ဆွဲထားလေ့ရှိသောကြောင့် “တပို့တွဲလ” ဟု ခေါ်ကြောင်း ဖွင့်ဆိုထားခြင်းနှင့် ဝေါဟာရလီနတ္ထဒီပနီကျမ်းအရ-ကုမ်ရာသီကိုစွဲ၍ အမရကောသအဘိဓာန်ပါ=တပါ ပူပန်ရာ ဖြစ်သောလ၊ အယံ= ဤတပါ သဒ္ဒါသည်၊ မာဃေ= တပို့တွဲလ၌၊ ဘဝတိ=ဖြစ်၏။ စသည်ဖြင့် ပါဠိဝိဂြိုဟ်ပြု၍ တပို့တွဲဟု အဆင့်ဆင့်ပြောင်းလဲလာကြောင်း အဓိပ္ပာယ်မှာ “ပူသောလ” ဖြစ်သည်ဟု ဖွင့်ဆိုထားခြင်းတို့ကို ဝေဖန်ကန့်မြစ်ထားလေသည်။

ဆိုလိုရင်းတွင် ကျော်အောင်စံထားဆရာတော်၏အယူမှာ မြန်မာဆန်ဆန်တွေး၍ လေှအသင်းအတွင်းဝန်၏ အယူမှာ ပါဠိဆန်ဆန်တွေး၍ ယူဆထားလေသည်။ ဤ၌ ဝေါဟာရ ဆင်းသက်လာပုံ ဇာစ်မြစ်(Derivation)၊ ဝေါဟာရဇာစ်မြစ်လေ့လာသူ(Etymologist)၊ ဝေါဟာရဗေဒ(Etymon) သုတေသီများအတွက် ဆရာကြီးဦးဖိုးလတ်၏ ဝေါဟာရဖြစ်နိုင်ရာ နယ်ပယ်ကို (Philology)၊ သဒ္ဒဗေဒ (Phonetics)၊ ဘာသာဗေဒ (Linguistics) များဖြင့် မည်သို့မည်ပုံယူဆ၍ ကောက်ချက်ချပုံကို တပို့တွဲလဖွင့်ဆိုချက်နှင့်အတူ ဗဟုသုတဖြစ် တင်ပြခြင်းဖြစ်ပါသည်။

### မီးဖုန်းပွဲတော်

တပို့တွဲလ၏ ပွဲတော်တစ်ခုမှာ “မီးဖုန်းပွဲတော်” ဖြစ်သည်။ ရှေးမြန်မာဘုရင်များကိုယ်တိုင်ဦးစီး၍ ခမ်းခမ်းနားနား ကျင်းပပြုလုပ်ကြကြောင်းကို အင်ရုံဝန်ကြီးရေးသားသော လောကဗျူဟာကျမ်း ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး တတိယတွဲတွင် အကျယ်တဝင့် တွေ့နိုင်သည်။

**တပို့တွဲလ၏ အခြားထူးခြားသောအရာမှာ “ဩဝါဒပါတိမောက်” အခါတော်နေ့ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး ခုနစ်လအကြာတွင် “ဩဝါဒပါတိမောက်” ကို ဟောတော်မူ၏။ ထိုနေ့သည် တပို့တွဲလပြည့်နေ့ဖြစ်သည်။ ဗုဒ္ဓသည်ဝါတော် ၂၀ ထိ မည်သည်ကို မလုပ်ရ၊ မပြောရ၊ မနေထိုင်ရ စသည့် စည်းကမ်း (ယနေ့ရဟန်းတော်များ စောင့်ထိန်းရသည့် ဝိနည်းတော်များ) ကို ပညတ်မှုမပြုသေးပေ။ ထိုစည်းကမ်းဝိနည်းကို အာဏာပါတိမောက် ဟုခေါ်၏**



တပို့တွဲ၊ တပေါင်းလများတွင် အလွန်ချမ်းအေးသော ရက်ကာလများ ရှိပေသည်။ ထိုကို မန်လည်ဆရာတော် ဘုရား၏ မဃဒေဝလင်္ကာသစ်တွင်-

“ပြာသိုတပို့တွဲ၊ စိုရွှဲငွေနှင်း၊ သုတ်လေညှင်းနှင့်၊ ယင်းနှစ်လကြား၊ ရှစ်ရက်အားဖြင့်၊ တပါးထိုမျှ၊ တပို့ တပေါင်း၊ ရှေးနှောင်းအညီ၊ လေးရက်စီ လည်း၊ ပထဏီမှတ်၊ အန္တရဋ္ဌဟု၊ ပညတ်နာမ၊ ကြားရှစ်ညနှိုက်၊ တောက်ပလင်းဟုန်၊ တက်အရဏ်ဝယ်၊ ခိုက်တုန်လွန်ကဲ၊ ဧးစမြဲးတည့်” **(မူရင်းသတ်ပုံအတိုင်း)** ဟု ဆိုထားသည်။

နက္ခတ်အလိုအားဖြင့် တပို့တွဲလဟု ခေါ်သော မာဃနက္ခတ်သည် တပို့တွဲလပြည့်နေ့၌ ကုန်ဆုံး၏။ ဖဂ္ဂုဏီနက္ခတ်ခေါ် တပေါင်းလသည် တပို့တွဲလပြည့်ကျော် တစ်ရက်နေ့တွင် စတင်ဆန်း၏။ သို့ဖြစ်၍ မာဃနက္ခတ်နှင့် ဖဂ္ဂုဏီနက္ခတ်တို့ အကူးအပြောင်း ဟိုဘက် သည်ဘက် လေးရက်စီပါသော ကြားရှစ်ရက်ကို အန္တရဋ္ဌကဟု ဆိုသည်။ ယနေ့အသုံးပြုနေသော မြန်မာပြက္ခဒိန်တွင် တပို့တွဲလဆန်း ၁၂ ရက်နေ့မှသည် တပို့တွဲလပြည့်ကျော် ၄ ရက်နေ့အထိ ရက်ပေါင်း ရှစ်ရက်သည်သာ အန္တရဋ္ဌကရက်များ ဖြစ်သည်ဟု ယူဆကြပေသည်။

ဤအကျယ်ကိုသိလိုမူ မဟာဗုဒ္ဓဝင် ဒုတိယတွဲ(စာ-၅၆၄)၊ ဥတုဘောဇနသင်္ဂဟကျမ်းတို့တွင် အအေးဆုံးအန္တရဋ္ဌကရက်များ စိစစ်ချက်ကို သိနိုင်ပေသည်။

ထိုချမ်းအေးသောကာလ မီးဖုန်းပွဲသည် ပုဂံခေတ်ကပင်လျှင် ရှိခဲ့ကြောင်းကို

“...မီဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရိယ်သွန်း၊ မပြတ်စိယ်လျင် တည်၏။..” (ပုဂံမြို့ စောလှဝန်းကျောက်စာ၊ သက္ကရာဇ်-၆၅၃) အရ သိရပါသည်။

“...ပူဇော်ရှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးပုံးသဘင်၊ သူကြီးယင်သည်...” (ဆည်သည်ရွာစား ဦးအောင်ကြီး၊ ညောင်းရမ်းခေတ်နောက်ပိုင်း)

“...သုံးလူ့ချာကို၊ ရှိန်ဝါရောင်ညီး၊ မီးပုံးပူဇော်၊ လှူတော်မူမြဲ၊ ရာသီပွဲဟု...” (ဦးယာ၏တပို့တွဲဘွဲ့လူးတား) စသည်တို့၌ မီးဖုန်းပွဲအကြောင်းအရာများကို တပို့တွဲလဘွဲ့ စာပေများတွင် တွေ့ရပါသည်။ လောကဗျူဟာ အင်ရုံစာတန်း၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲတို့တွင် အကျယ်တဝင့် တွေ့နိုင်ပေသည်။ ယနေ့တိုင်လည်း အညာဒေသ၊ ရှမ်းပြည်ဒေသ တစ်ဝိုက်တို့တွင် ပြုလုပ်နေကြဆဲဖြစ်သည်။ စာရေးသူသည် ရှမ်းပြည်နယ် လားရှိုးမြို့ မန်ဆူရှမ်းကျောင်း၌ ၂၀၁၅ တပို့တွဲလတွင် ကြုံခဲ့ဖူးသည်။ တပို့တွဲလ၏ တခြားပွဲတော်တစ်ခုမှာ ယာဂုပွဲဖြစ်သည်။

### ယာဂုပွဲ

“...ခါရတုသိသီကို၊ ကြယ်မာဃီချိန်ဝှဲ၊ မြတ်လှူဒါယာဂုပွဲနှင့်၊ ပေါက်လဲပွင့်ထိန်လျှံ၊ ဖူးရက်ရည် ကြွေဝတ်ကို၊ ခြွေဆွတ်ကြငှက်ညီလာခံ...” (တိုင်းတားမြို့သူကြီး ဦးဖက်)

ဤတပို့တွဲလဘွဲ့တွင် ယာဂုပွဲ ဆင်နွှဲပုံကို ရေးထားသည်ကို တွေ့ရပေသည်။ ယာဂုနှင့်ထမနဲ မကွဲမပြား ရေးသားကြသည်ကိုလည်း တွေ့ရပါသည်။ ဦးပုည၏ လေှအလှူခံမေတ္တာစာ၌ -

“... ယာဂုထမနဲ အိုးကြီးကွဲကာမှ စွန့်ကြသည့်ဒါနလည်း နိပ္ဖလ မဆိုသာ...”

ယာဂုနှင့်ထမနဲအဆိုသာ ကွဲသည်ဟု ဆိုထုံးပြုထားသည်ကို တွေ့ရသည်။ ယာဂုကို ဒဂုန်ဦးထွန်းမြင့် ပါဠိသက်ဝေါဟာရအဘိဓာန်တွင် ဆန်ကို နို့ရေတို့ဖြင့် ကျိုချက်ထားသည့် သောက်ဖွယ်တစ်မျိုးဟု ပထမဖွင့်ဆို၍ ဒုတိယအနေနှင့် ထမနဲဟု ဖွင့်ဆိုသည်။

ဦးတိုး၏ ရာမရကန်တွင် ယာဂုနှင့် ထမနဲ အခေါ်သာကွဲကြသည်၊ ထမနဲ့နှင့် ယာဂုဟု ရေးထားလေသည်။ ယာဂုဆန်ပြုတ်မှာ သိသာသည်။ “ထမနဲ”၊ “နှမ်းမနဲ” သည် ပျော့အိပျင်းတွဲသော အစာအဟာရတစ်မျိုးဖြစ်သည်။ အဘယ်ကြောင့်တွဲ၍ ရှေးပုဂ္ဂိုလ်များဖွဲ့ဆိုကြပါသနည်းဟု စောကြောမိသည်။ တိပိဋ္ဋက ပါဠိ-မြန်မာအဘိဓာန်တွင် ယာဂုအဖွင့်ကို ဆန်ပြုတ်၊ (က) သောက်အပ်သောယာဂု၊ (ခ) စားအပ်သောခပ်ပျစ်ပျစ်ယာဂု၊ (ဂ) နှမ်းဆန်ပဲ သုံးမျိုးရော၍ပြုလုပ်အပ်သော တေကဋ္ဌုလယာဂု

- ရေအနည်းငယ်နှင့် ဆန်ထည့်၍ ချက်အပ်သော အန္နထမင်း=ထမင်းပျော့၊
- ဆန်တစ်ဆ ရေလေးဆဖြင့် ကျိုချက်အပ်မှု ဝိလေပိ=ထမင်းပျော့။
- ဆန်တစ်ဆ ရေတစ်ဆယ့်လေးဆဖြင့် ကျိုချက်အပ်မှု မဏ္ဍ= ယာဂုကြည်။
- ဆန်တစ်ဆ ရေတစ်ဆယ့်ရှစ်ဆဖြင့် ကျိုချက်အပ်မှု ယူသ= ဆန်ပြုတ်ရေကျဲ

ဟု ဖွင့်ဆိုထားရာ ယနေ့ခေတ် ထမနဲသည် ထမင်းပျော့တွင်အကျုံးဝင်နေလေသည်။ ထို့ကြောင့် ရှေးမြန်မာကြီးများသည် ထမနဲနှင့် ယာဂုကို တတွဲထဲပင် အနက်ဖွဲ့ဆိုခဲ့ကြခြင်း ဖြစ်သည်ကို လေ့လာတွေ့ရှိရလေသည်။

အင်္ဂလိပ် -မြန်မာ အဘိဓာန်တွင်မူ ထမနဲက သပ်သပ်၊ ယာဂုကသပ်သပ် ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ ထိုယာဂုပွဲကို လောကဗျူစာကျမ်း၌-

“တပို့တွဲလတွင် ကျီဝန်က ယာဂုအိုး ၁၀၀၀ နှင့် ထင်းစင် ၁၀၀၀ မီးမယ်ပျူး ၁၀၀၀ ကို သွေးသောက်စုမြင်းတော်သည် ရွှေပန်းပန်တို့ ကြပ်မတ်၍ လှူမြဲကျောင်းဘုရားမှာ တင်လှူသည်” ဟူသော ရေးသားချက်ကို တွေ့ရသည်။

ဤယာဂုအိုးဆိုရာ၌ ယနေ့ဆန်ပြုတ်သဘောမျိုး အိုး ၁၀၀၀ တော့ မဖြစ်တန်ရာကို သတိမူရာ၏။ စဉ်းစားနိုင်ရာ၏။ ထမနဲယာဂုသာလျှင် ဖြစ်ပေမည်။ အဘိဓာန်ဖွင့်ဆိုချက်အတိုင်း သောက်အပ်သောယာဂု (ဆန်ပြုတ်ရည်ကြဲ)၊ စားအပ်သောယာဂု(ထမနဲ) ဟု ဖွင့်ဆိုချက်ကို သတိမူရာ၏၊

### ဩဝါဒပါတိမောက် အခါတော်နေ့

တပို့တွဲလ၏ အခြားထူးခြားသော အရာမှာ “ဩဝါဒပါတိမောက်” အခါတော်နေ့ ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး ခုနစ်လအကြာတွင် “ဩဝါဒ ပါတိမောက်” ကို ဟောတော်မူ၏။ ထိုနေ့သည် တပို့တွဲလပြည့်နေ့ ဖြစ်သည်။ ဗုဒ္ဓသည်ဝါတော် ၂၀ ထိ မည်သည်ကို မလုပ်ရ၊ မပြောရ၊ မနေထိုင်ရ စသည့် စည်းကမ်း (ယနေ့ရဟန်းတော်များ စောင့်ထိန်းရသည့် ဝိနည်းတော်များ)ကို ပညတ်မှုမပြုသေးပေ။ ထိုစည်းကမ်းဝိနည်းကို အာဏာပါတိမောက် ဟုခေါ်၏။

ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ်-၁၀၃ ခု ကဆုန်လပြည့်နေ့တွင် ဘုရားဖြစ်တော်မူပြီး ထိုနှစ် တပို့တွဲလပြည့်နေ့တွင် ဩဝါဒပါတိမောက်ကို ပေးတော်(ဟောတော်) မူလေသည်။

ထိုကြားကာလ ပဉ္စဝဂ္ဂီ-၅ ဦး၊ ရှင်ယသနှင့် ယောင်းရင်း- ၆ ကျိပ်၊ ဘဒ္ဒဝဂ္ဂီညီနောင်- ၃ ကျိပ် - ရသေ့ညီနောင်ရှင်တစ်ထောင်၊ ပရိဗိုဇ်ပေါင်း နှစ်ရာ့ငါးဆယ် (ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလန်နှင့် နောက်လိုက် နှစ်ရာ့ငါးဆယ်) စုစုပေါင်း ရဟန်းတော် ၁၂၅၀ တို့အလယ်တွင် “ခန္တီပရမံ တပေါ တိတိက္ခာ...အစချီသော ဩဝါဒပါတိမောက် သုံးပိုဒ်ကို ဟောကြားလေသည်။

မြန်မာပြည်အနှံ့ ဘုရား၊ စေတီ၊ သာသနိက အဆောက်အဦများတွင် ဩဝါဒပါတိမောက် ကျောက်စာဟု တွေ့မြင်ဖူးမြော်ကြရပါမည်။ ပိဋ္ဋက သုံးပုံအနှစ်ချုပ်ဟု ဆရာတော်ကြီးများက လမ်းညွှန်၍ မင်္ဂလာဗျူဟာ အသင်းချုပ်၊ ပိဋ္ဋကဗျူဟာအဖွဲ့တို့က ကျောက်စာတော်များကို မြန်ပြည်အနှံ့ လှူဒါန်းကြပါ၏။ မင်္ဂလာဗျူဟာအသင်းက ၁၃၂၂ တပို့တွဲလပြည့်နေ့ (၃၀-၁-၁၉၆၁)နေ့မှ စတင်၍ နှီးဆော်ပူဇော်မှု စတင်ခဲ့ပါ၏။

ယခုအခါတွင် ဘာသာရေးအသင်းအဖွဲ့များကလည်းကောင်း၊ ပုဂ္ဂလိကအလှူရှင်များကလည်းကောင်း လှူဒါန်းကြပါကုန်၏။ ထိုဩဝါဒ ကျောက်စာ အကျဉ်းချုပ်မှာ “မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား” စာသားဖြစ်ပေသည်။ စိတ်ထားသို့ ကူးလူးဆက်သွယ် အကောင်အထည်ဖော်ရန်သာ အရေးကြီးပေသည်။ တပို့လပြည့်နေ့ ညထွန်းပလစန္ဒာနှင့် စိတ်နယ်ဆက်စပ်မှုများရှိနိုင်ကြပါစေဟု တပို့တွဲ လမြတ်ခါညီ ပုဏ္ဏမီကို ရေးသားတင်ပြအပ်ပါသည်။ ။

# အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ (သို့မဟုတ်) "တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူ့ဗဟိုပြု အာဆီယံ"

ဒေါက်တာ ဝါဝါမောင်

*(ယမန်နေ့မှအဆက်)*

(စ) လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိသည့် ကမ္ဘာ့အခင်းအကျင်းတွင် အာဆီယံနှင့် အာဆီယံပြည်သူများ၏ အနာဂတ်လုံခြုံစေရေးအတွက် ထိရောက်ပြီး ဆန်းသစ်သည့် တုံ့ပြန်မှုများ ဆက်လက်ချမှတ်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးအနေဖြင့် အပြောင်းအလဲအပေါ် တုံ့ပြန်နိုင်မှု (Responsiveness) နှင့် ကြံ့ကြံ့ခံနိုင်ရည်ရှိမှု (Resiliance) ကို ထူထောင်နိုင်ကြရန် အလွန်အရေးကြီးလာသောကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ပိုမိုဦးစားပေးစဉ်းစားသကဲ့သို့ ဒေသတွင်းနိုင်ငံများ၏ အကျိုးစီးပွားကိုလည်း ပေါင်းစည်းစွမ်းအားဖြင့် ညီညွတ်စွာ အကျိုးလိုလားစွာ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ပြလာပါသည်၊

(ဆ) အာဆီယံမျှော်မှန်းချက် ၂၀၄၅ တွင် အဖွဲ့အစည်းများခိုင်မာစေခြင်း (Strengthening Institutions) နှင့်အတူ ဆုံးဖြတ်ချက်များ ချမှတ်သည့် လုပ်ငန်းစဉ် (Decision Making Process)၊ အရေးပေါ်နှင့် သီးသန့်အခြေအနေများတွင် (Urgent and Specific Situations) များတွင် အချိန်မီဆုံးဖြတ်ချက်များ ချနိုင်စေရန်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အရေးပါမှု (Role of ASEAN Secretariat) ကို မြှင့်တင်ပေးရန်အချက်တို့ကို အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ တွင် ထည့်သွင်းရေးဆွဲထားခြင်းသည် အဖွဲ့ဝင်နိုင်ငံများအကြား ခွဲခြားဆက်ဆံမှု မဖြစ်ပေါ်စေရေး၊ Double Standard မရှိစေရေးအတွက် သတိချပ်စရာတစ်ခုပင် ဖြစ်ပါသည်။

**စီးပွားရေး**

(က) **စီးပွားရေးနှင့်စပ်လျဉ်းပြီး အာဆီယံအနေဖြင့်** ကမ္ဘာတွင် စတုတ္ထမြောက်စီးပွားရေးအင်အားအကြီးဆုံးသော ဒေသဖြစ်အောင် ရည်မှန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေ့လာမိပါသည်၊

(ခ) အာဆီယံသည် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့အား ၂၀၂၆ ခုနှစ်နောက်ပိုင်းတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ လွတ်မြောက်ရန် (LDCs Graduation) ရည်မှန်းဆောင်ရွက်နေသဖြင့် အာဆီယံ၌ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမရှိတော့ (No more LDCs in ASEAN) သည့်အတွက် အမှန်တကယ် လက်တွေ့တွင် ညှိနှိုင်းမှုများဆောင်ရွက်ရာ၌ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေသည့် အစီအစဉ်များ လျှော့ချရန် ဆွေးနွေးမှုများရှိပါသည်။ သို့သော် ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုကွာဟချက်များကို လျော့နည်းစေနိုင်မည့် လုပ်ငန်းစဉ်များကို ဆက်လက်ဖော်ဆောင်ရန်နှင့် အားလုံးပါဝင်နိုင်မှုကို မြှင့်တင်နိုင်ရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို တန်းတူညီမျှရယူဆောင်ရွက်နိုင်ရေးကို ဆောင်ရွက်မှသာ အာဆီယံဒေသတွင်းတွင် ညီညွတ်မျှတသည့် ဒေသတစ်ခုဖြစ်လာနိုင်မည်မှာ သတိပြုစရာအဖြစ် လေ့လာတွေ့ရှိရပါသည်၊

(ဂ) အာဆီယံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် အဓိကမောင်းနှင်သူအနေဖြင့် လွှမ်းမိုးဆောင်ရွက်နိုင်ရေးနှင့် အာဆီယံ၏ ပေါင်းစည်းစွမ်းအား မြှင့်တင်နိုင်ရေးအတွက် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ချိတ်ဆက်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ထုတ်ကုန်များယှဉ်ပြိုင်နိုင်မှု (Competitiveness)ရှိစေရေး၊ ချိတ်ဆက်မှု (Connectivity)လိုအပ်သည့် ပြင်ဆင်မှုများကို ပြည်တွင်းတွင် "ဥစ္စာရင်လို ဥစ္စာရင်ခဲ" ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

(ဃ) အာဆီယံအနေဖြင့် မျှော်မှန်းချက်၊ မဟာဗျူဟာများ များပြားသော်လည်း အမှန်တကယ် အကောင်အထည်ဖော်ဆောင်နိုင်မှုမှာ Pilot Project လောက်သာ ဆောင်ရွက်နိုင်မှုများကြောင့် ကွက်ပြည့် အကောင်အထည် ဖော်ဆောင်နိုင်မှုမှာ အလွန်အားနည်းလျက်ရှိကြောင်း သုံးသပ်ပါသည်။ အကြောင်းမှာ ရန်ပုံငွေနည်းပါးခြင်း၊ အာဆီယံမဟုတ်သော အခြားဆွေးနွေးဖက်နိုင်ငံတို့၏ အကူအညီ (Development Partners) တို့၏ အထောက်အပံ့ကို ရယူဆောင်ရွက်ရခြင်း၊ အခြားသော BRICS အဖွဲ့အစည်းများကဲ့သို့ ဖွံ့ဖြိုးမှုဘဏ် နောက်ခံဘဏ်အဖွဲ့အစည်း မရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း သုံးသပ်ရပါသည်၊ အခြားဆွေးနွေးဖက်နိုင်ငံတို့၏ အကူအညီကို ရယူခြင်းကြောင့်လည်း အခြားနိုင်ငံများ၏ လွှမ်းမိုးမှုများရှိနိုင်ကြောင်း သုံးသပ်ပါသည်၊

(င) အာဆီယံဗဟိုပြုမှုကို အခြေခံ၍ Global ASEAN သို့ ကူးပြောင်းသည့်အချိန်ကာလအတွင်း အာဆီယံ၏ လုပ်ငန်းစဉ်များသည် ကဏ္ဍများအကြား (Cross-sectors) နှင့် မဏ္ဍိုင်များအကြား (Cross pillars) ဆောင်ရွက်ရသည့်လုပ်ငန်းများ ပိုမိုများပြားလာခြင်းကြောင့် အကောင်အထည်ဖော်ရာတွင် ထိထိရောက်ရောက် (Effective Implementation) ဆောင်ရွက်နိုင်ရန်နှင့် အာဆီယံ၏ အချက်အချာကျမှု (ASEAN Centrality)ကို ဆက်လက် ထိန်းသိမ်းနိုင်ရန် လိုအပ်လိမ့်မည်ဟု သတိပြုမိပါသည်၊

(စ) အာဆီယံ၏ စီမံချက်များအား ထိထိရောက်ရောက် အကောင်အထည်ဖော်ရာတွင် အာဆီယံရန်ပုံငွေ(ASEAN Funding) လုံလောက်စွာရရှိနိုင်ရန်မှာလည်း အချက်တစ်ခုအနေဖြင့် ပါဝင်ပါသည်၊ အာဆီယံ၏ မျှော်မှန်းချက်များအရ စီးပွားရေးအရဖြစ်စေ၊ ဘဏ္ဍာရေးအရဖြစ်စေ ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ထားသည့် ဘဏ္ဍာရေး နောက်ခံအဖွဲ့အစည်းမျိုး လိုအပ်မည်ဟု သုံးသပ်ပါသည်၊

(ဆ) အာဆီယံ၏ ရည်မှန်းချက်၊ မဟာဗျူဟာများသည် အပြည်ပြည်ဆိုင်ရာ အကောင်အထည်ဖော်မှုများနှင့် ကိုက်ညီအောင် ကြိုးပမ်းလျက်ရှိပြီး အစိမ်းရောင်စီးပွားရေး (Green Economy)၊ အဏ္ဏဝါစီးပွားရေး (Blue Economy)၊ ဒီဂျစ်တယ်စီးပွားရေး (Digital Economy)တို့ကို တွန်းအားပေးဆောင်ရွက်ရန်ရှိသော်လည်း အဆိုပါကိစ္စရပ်များကို ပြည်တွင်းတွင် အကောင်အထည်ဖော်ဆောင်ရေးအတွက် အမျိုးသားစီမံကိန်းများနှင့် ချိတ်ဆက်ရန် လိုအပ်သည်ဟု မြင်ပါသည်၊

(ဇ) အာဆီယံအနေဖြင့် ပထဝီနိုင်ငံရေးကို အလေးထားစဉ်းစားလာချိန်တွင် စီးပွားရေးသည် ပုဂ္ဂလိကကဏ္ဍ၊ အလုပ်အကိုင်ဖန်တီးမှု၊ သာမန်ပြည်သူအိမ်ထောင်စုများ၏ ဝင်ငွေရရှိမှုနှင့် ဘဝရပ်တည်မှုတို့ကိုလည်း အလေးထားစဉ်းစားရန် လိုအပ်ပါသည်။

**လူမှုရေး**

(က) ဒီမိုကရေစီစည်းမျဉ်းများကို လေးစားလိုက်နာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ် ထွန်းကားစေရေး၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားလိုက်နာစေရေးနှင့် ကာကွယ်မြှင့်တင်နိုင်ရေးကို ဦးစားပေးဆောင်ရွက်မည်ဟု မျှော်မှန်းချက်တွင် ထည့်သွင်းထားသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးသည် ဒီမိုကရေစီနိုင်ငံများ မဟုတ်သည့်အပြင် အာဆီယံ(အာရှ) တန်ဖိုးထားမှုစံနှုန်းကို ယခင်က အလေးထားခဲ့ရာမှ ယခုအခါ အပြည်ပြည်ဆိုင်ရာစံနှုန်းများအား ပိုမိုအလေးပေး ပြောင်းလဲဦးတည်လာကြောင်း တွေ့ရှိရပါသည်၊

(ခ) ထိုအကျိုးဆက်အရ ပြည်သူကို ဗဟိုပြုသော၊ ပြည်သူကို အလေးထားသော အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်စေရန် သက်ဆိုင်ရာနိုင်ငံများ၏ ဖွံ့ဖြိုးမှုမူဝါဒများ၊ လူမှုရေးအကာအကွယ်ပေးမှု မူဝါဒများနှင့် ကိုက်ညီမှုရှိရန် လိုအပ်မည်ဖြစ်ပါသည်၊

(ဂ) လူသားအရင်းအမြစ်များ ပေါများသည့် အာဆီယံ၏အားသာချက်များကို အပြည့်အဝ ထိရောက်စွာ အသုံးပြုနိုင်ရန်မှာ ကျွမ်းကျင်မှုမြင့်မားပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်သားအင်အားများ ပိုမိုပေါ်ထွန်းလာစေရန်အတွက် Platform များ တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်၊

(ဃ) အာဆီယံ၏အနှစ်သာရကို တန်ဖိုးထားဂုဏ်ယူသော အသိုက်အဝန်းတစ်ခုဖြစ်စေရေးအတွက် အာဆီယံ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာနှင့် ရိုးရာဓလေ့များကို တန်ဖိုးထားမြှင့်တင်ခြင်းနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းစုများကို မြှင့်တင်ခြင်းတို့ ဆောင်ရွက်ရာတွင် အထူးသဖြင့် လူငယ်များ၊ အမျိုးသမီးများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းစု (SMEs)များကို ဦးစားပေးအသုံးပြုရန်နှင့် ဒီဂျစ်တယ်ကောင်းစွာ အသုံးပြုတတ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ရေးနှင့် မီဒီယာစီမံခန့်ခွဲမှုများ လိုအပ်မည်ဖြစ်ပါသည်၊

(င) ကျန်းမာကြံ့ခိုင်သည့် အာဆီယံပြည်သူများဖြစ်စေရန် ဘေးကင်းလုံခြုံသော၊ ပြည့်စုံကောင်းမွန်သည့် Access to Health Care ဖြစ်ပေါ်စေမည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ထူထောင်ရန်၊ ကျန်းမာကြံ့ခိုင်မှုအတွက် ကိုယ်လက်လှုပ်ရှားအားကစားနှင့် နေထိုင်မှုစနစ်များကို အားပေးရန်နှင့် လူဦးရေပုံသဏ္ဍာန်အရ အသက်ကြီးပိုင်း (Aging) ပိုမိုများပြားမည်ဖြစ်သဖြင့် မိမိတို့နိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေ ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

**ပေါင်းစည်းဆက်နွှယ်မှု (Connectivity)**

(က) **ပေါင်းစည်းဆက်နွှယ်မှု(Connectivity)** တွင် အခြေခံအဆောက်အအုံများ ချိတ်ဆက်မှု (Physical Connectivity)၊ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှု (Institutional Connectivity)၊ ပြည်သူအချင်းချင်းချိတ်ဆက်မှု (People to People Connectivity) ဟူ၍ ရှိရာ အာဆီယံမဏ္ဍိုင် (၃)ရပ်လုံးနှင့် ချိတ်ဆက်လျက်ရှိနေပါသည်၊ သို့ဖြစ်ပါ၍ Master Plan on ASEAN Connectivity (MPAC-2025) ကို အကောင်အထည်ဖော်ဆောင်ရာတွင် အဓိကတွေ့ကြုံရသည့် အခက်အခဲမှာ အာဆီယံမဏ္ဍိုင်များအကြား မဟာဗျူဟာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် မဏ္ဍိုင်များအကြား၊ ဌာနများအကြား Cross-cutting ဖြစ်နေသည့်အတွက် Ownership ပြဿနာရှိကြောင်း လေ့လာတွေ့ရှိရပါသည်၊

(ခ) အာဆီယံနိုင်ငံများအကြား **ပေါင်းစည်းဆက်နွှယ်မှု အားကောင်းစေရန်** ငွေကြေးလွှဲပြောင်းပေးချေမှုများအတွက် ဘဏ္ဍာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ချိတ်ဆက်ခြင်း၊ ဒီဂျစ်တယ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း၊ ဆိုက်ဘာလုံခြုံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ စီမံအုပ်ချုပ်မှုစနစ်ကောင်းမွန်စေခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်းမှု ကွင်းဆက် ထိရောက်အားကောင်းစေခြင်း၊ သတင်းအချက်အလက်များအား ထိရောက်စွာ နယ်စပ်ဖြတ်ကျော်စီးဆင်းနိုင်ခြင်း၊ ဒေသတွင်းရှိ ပြည်သူအချင်းချင်းအကြား ချိတ်ဆက်မှုအားကောင်းစေခြင်းနှင့် ရေရှည်တည်တံ့သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းအပါအဝင် အာဆီယံနိုင်ငံနိုင်ငံများအကြား နိုင်ငံအချင်းချင်း (Bilateral)ဖြစ်စေ၊ အခြားသော ဒေသတွင်းနိုင်ငံများ(ဥပမာ- GMS နိုင်ငံများ)အကြားဖြစ်စေ ပေါင်းစည်းဆက်နွှယ်မှုများ မြှင့်တင်ရန် လိုအပ်ခြင်းကြောင့် အကောင်အထည်ဖော်ဆောင်နိုင်မည့် အခြားသောဒေသခွဲနှင့် နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်များ(Multilateral Framework)စသည်ဖြင့် စီမံချက် Model အမျိုးမျိုး လိုအပ်မည်ဖြစ်ပါသည်၊ ဘက်ပေါင်းစုံတွင် အလွယ်တကူ ချိတ်ဆက်ဆောင်ရွက်နိုင်သော အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်မည်ဖြစ်ရာ အဆိုပါ လိုအပ်မည့် ရင်းနှီးမြှုပ်နှံမှုများအတွက် ဖြစ်ပေါ်နိုင်မည့် Model နှင့် Institutional Contact တို့ လိုအပ်မည်ဖြစ်ပါသည်။ အလားတူပင် ပေါင်းစည်းဆက်နွှယ်မှု အားကောင်းစေရေးအတွက် ဒေသတွင်းစီမံကိန်း (Regional Plan) နှင့် အမျိုးသားစီမံကိန်း (National Plan) တို့အကြား *စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

အချိန်အခါနှင့် အခြေအနေပေးသည့်အပေါ်မူတည်၍ ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

**နိဂုံး**

လက်ရှိအချိန်တွင် အဆိုပါမျှော်မှန်းချက် ၂၀၄၅ အား အကောင်အထည်ဖော်ဆောင်မည့် အာဆီယံမဏ္ဍိုင်များအကြား မဟာဗျူဟာစီမံချက်များကို အာဆီယံက ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မိမိနိုင်ငံအတွက် အကျိုးစီးပွား အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို မဏ္ဍိုင်အသီးသီးမှ မျက်ခြည်မပြတ် လေ့လာဆောင်ရွက်နေရမည်ဖြစ်ပါသည်။ အဆိုပါ မဟာဗျူဟာစီမံချက်များအား ၂၀၂၅ ခုနှစ်တွင် ကျင်းပဆောင်ရွက်မည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြအတည်ပြုကြရန် ရည်ရွယ်ထားသောကြောင့် အချိန်ကာလတစ်နှစ်ကျော်အတွင်းတွင် ကဏ္ဍအလိုက် ကြိုတင်ဆွေးနွေး ပြင်ဆင်ထားရန် လိုအပ်ပါသည်။

အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်၂၀၄၅-တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူဗဟိုပြုအာဆီယံ (ASEAN VISION 2045 : “Resilient, Innovation, Dynamic, and People-Centered ASEAN) ဆောင်ပုဒ်ဖြင့် နောင်နှစ် ၂၀ အထိ မျှော်မှန်းချက်နှင့် လမ်းပြမြေပုံအရ မိမိနိုင်ငံနှင့် သင့်တော်လိုက်လျောညီထွေပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်အခြေအနေများကို ဒေသဆိုင်ရာနှင့် ပါဝင်ပေါင်းစည်းလျက် နိုင်ငံအကျိုးရှိရာရှိကြောင်း လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း ပထမဆယ်စုနှစ်ထက် ဒုတိယဆယ်စုနှစ်သည် ကမ္ဘာနှင့်ဒေသတွင်း ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး ရိုက်ခတ်မှုများက လျင်မြန်စွာပြောင်းလဲလာသည်မှာ ဂရုပြုစရာပင်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား ထိခိုက်မှုမရှိစေရေးအတွက် မျက်ခြည်မပြတ် ပါဝင်တက်ရောက်လျက် တစေ့တစောင်း လေ့လာဆောင်ရွက်နေရန် လိုအပ်ပါသည်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၊ အာဆီယံမဏ္ဍိုင်အသီးသီးနှင့် လုပ်ငန်းအဖွဲ့များတွင် လိုက်ပါဆောင်ရွက်နေသူများ၊ ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်သူများအနေဖြင့် မိမိတို့ကဏ္ဍအသီးသီးမှ အာဆီယံ၏ နှစ် ၂၀ အတွင်း အကောင်အထည်ဖော်ဆောင်မည့် အလားအလာများကို သိရှိနားလည်ခြင်းဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်စေရန် မီးမောင်းထိုးသုံးသပ်တင်ပြလိုက်ရပါသည်။ ။

**ကိုးကားစာရင်း**


- ASEAN Secretariat, August 8, 1967, *“ASEAN Charter”*
- ASEAN Secretariat, 1976, *“Treaty of Amity and Cooperations in Southeast Asia (TAC)”*
- https://asean.org/June 26 ,1945, *“UN Charter”*
- https://asean.org/ 1982, *“United Nations Convention on the Law of the Sea (UNCLOS)”*
- https://asean.org/ the 34th ASEAN Summit, 2019, *“ASEAN Outlook on the Indo-Pacific (AOIP)”*
- May 23, 2022, *“Indo-Pacific Economic Framework for Prosperity”*
- Endorsed by the 42nd ASEAN Summit in May 2023, *“Core Elements”*
- ASEAN Secretariat, September 2023, *“ASEAN Community Vision 2045”*
- https:// theaseanmagazine. asean.org/ article/achieving-the-asean-community-vision-2045/
- https:// asean.org/ our-communities/ asean-political-security-community/
- https:// asean.org/ our-communities/ asean-socio-cultural-community/
- https:// www.asean.org/ wp-content/ uploads/ 2012/ 05/ ASEAN-APSC-Blueprint-2025.pdf


## လက်နက်မှုဖြင့် စွပ်စွဲဖမ်းထားသူတစ်ဦးကို ထောင်ထဲမှခေါ်ထုတ်ပြီး ပစ်သတ်ဟု မဟုတ်မမှန်လုပ်ကြံရေးသား

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

လက်နက်မှုဖြင့် စွပ်စွဲဖမ်းထားသူတစ်ဦးကို ဖေဖော်ဝါရီ ၁၆ ရက်က ထောင်ထဲမှ ခေါ်ထုတ်ပြီး ပစ်သတ်ဟူသော ခေါင်းစဉ်ဖြင့် DVB TV News အမည်ခံ Facebook Page က ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အားစိစစ်ရာ ဖျာပုံအကျဉ်းထောင်၌ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် အခြားအမှုဖြင့် အမှုရင်ဆိုင်လျက်ရှိသည့် အချုပ်သား ၅ ဦးကိုသာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံ ရုံးထုတ်ပေးခဲ့ပြီး ယင်းအချုပ်သား ၅ ဦးကိုလည်း ယင်းနေ့ ညနေပိုင်း၌ အကျဉ်းထောင်သို့ အပြည့်အဝ ပြန်လည်အပ်နှံခဲ့သဖြင့် လက်ခံရရှိခဲ့ကြောင်း၊ ရုံးထုတ်ပေးရာတွင်လည်း သက်ဆိုင်ရာတရားရုံးမှ တရားသူကြီး၏ ရီမန်ဖြင့်သာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံသို့ စနစ်တကျ လွှဲပြောင်း၍ ရုံးထုတ်ပေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည့်အတွက် DVB TV News အမည်ခံ Facebook Page တွင် ဖော်ပြမှုသည် ပြည်သူလူထုအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့ အစည်းများအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှား ဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။ အဆိုပါ လုပ်ကြံသတင်းမျိုးကို စာမတတ်၊ စာမဖတ်သူ၊ အတွေးအခေါ်ညံ့ဖျင်းသူ၊ ဉာဏ်ရည်နည်းသူ လူတစ်စုလောက်သာ ယုံကြည်မည်ဖြစ်ရာ DVB အနေဖြင့်လည်း သူ့အဆင့်အတန်းကို ဖော်ပြရာရောက်သည်ဟု ဝေဖန်သူတစ်ဦးကဆိုသည်။ **သတင်းစဉ်**

## ကြံခင်းမြို့နယ်၌ မီးဘေးလုံခြုံစေရန် တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး

**ကြံခင်း ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် ကြံခင်းမြို့ရွာသစ်ရပ်ကွက်အတွင်းရှိ နေအိမ်များ မီးဘေးလုံခြုံစေရန် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုနိုင်ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် (Grade-5) နှင့် (Grade-9) ကျောင်းသား ကျောင်းသူများ နှစ်ဆုံးစာမေးပွဲကို အေးချမ်းစွာဖြေဆိုနိုင်ရန် ဒေသနေပြည်သူများ၏ နေအိမ်များ၊ ဘော်ဒါဆောင်များ၊ စားသောက်ဆိုင်များတွင် မီးပေါ်ဆမှုမရှိစေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ပြင်ဆင်ထားရှိဆောင်ရွက်ရမည့်အချက်များ အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့အပြင် မီးသတ်ပစ္စည်းများထားရှိမှုနှင့် မီးပေါ်ဆမှုမရှိစေရန် တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

◆ *ကျော့ဖုံးမှ*

ကစားရမည်ဖြစ်သည်။ ထို့အပြင် ဘရိုက်တန်အသင်းက ရိုးမားအသင်း၊ ဝက်စ်ဟမ်းအသင်းက ဂျာမန်ကလပ် ဖရိုင်းဘတ်အသင်းနှင့် ရင်ဆိုင်သွားရမည်ဖြစ်သည်။ စကော့တလန်ကလပ် ရိန်းဂျားအသင်းက ဘင်ဖီကာအသင်း၊ မာဆေးလ်အသင်းက ဗီလာရီးရဲအသင်း၊ စပို့တင်းလစ္စဘွန်း အသင်းက အတ္တလန္တာအသင်း၊ အေစီမီလန်က စလားဗီးယားပရာ့ဂ်အသင်း၊ ကာရာဘတ်အသင်းက လေဗာကူဆင်အသင်းနှင့် အသီးသီးတွေ့ဆုံနေသည်။

ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်များကို မတ် ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **အောင်ဇော်**

ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၂၆) မှာ အမှတ်ပေးဇယားဦးဆောင်သူ လီဗာပူးနဲ့ ရမှတ်ကွာဟမှု လျှော့ချဖို့ ကြိုးစားလာမယ့် အာဆင်နယ်က ခြေစွမ်းမာကျောမှုရှိတဲ့ ကာဆယ်၊ တန်းဆင်းဇုန်က လွတ်မြောက်ဖို့ နိုင်ပွဲလိုအပ်နေတဲ့ ရှက်ဖီးလ်က ခြေစွမ်းအတက်ဘက် ရောက်နေတဲ့ ဝုဖ် စတဲ့ ပွဲစဉ်တွေ ပါဝင်ပါတယ်။

# အဝေးကွင်းစွမ်းဆောင်ရည်အားနည်းတဲ့ ကာဆယ်ကို အာဆင်နယ်အသင်း အနိုင်ယူသွားနိုင်မလား

| ပရီမီယာလိဂ် ပွဲစဉ် (၂၆) | |
|---|---|
| **၂၄-၂-၂၀၂၄** | **စနေနေ့** |
| ဗီလာ - ဖောရက်စ် | ည ၉း၃၀ |
| ဘရိုက်တန် - အဲဗာတန် | ည ၉း၃၀ |
| ပဲလေ့စ် - ဘန်လေ | ည ၉း၃၀ |
| မန်ယူ - ဖူလ်ဟမ် | ည ၉း၃၀ |
| ဘုန်းမောက် - မန်စီးတီး | နံနက် ၁၂း၀၀ |
| အာဆင်နယ် - ကာဆယ် | နံနက် ၂း၃၀ |
| **၂၅-၂-၂၀၂၄** | **တနင်္ဂနွေနေ့** |
| ဝုဖ် - ရှက်ဖီးလ် | ည ၈း၀၀ |
| **၂၆-၂-၂၀၂၄** | **တနင်္လာနေ့** |
| ဝက်စ်ဟမ်း - ဘရန့်ဖို့ဒ် | နံနက် ၂း၃၀ |

### ဝုဖ် Vs ရှက်ဖီးလ်

ဝုဖ်နဲ့ ရှက်ဖီးလ်အသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

| | | | |
|---|---|---|---|
| ရှက်ဖီးလ် | ၂ - ၁ | ဝုဖ် | ပရီမီယာလိဂ် |
| ဝုဖ် | ၃ - ၀ | ရှက်ဖီးလ် | အက်ဖ်အေ |
| ဝုဖ် | ၁ - ၀ | ရှက်ဖီးလ် | ပရီမီယာလိဂ် |

အမှတ်ပေးဇယားအောက်ဆုံးရပ်တည်နေတဲ့ ဝုဖ်က တန်းဆင်းဇုန်မှ လွတ်မြောက်ရေး နိုင်ပွဲရဖို့ ခြေကုန်ထုတ်လာမှာပါ။ ပြိုင်ဘက် ဝုဖ်အသင်းက နာမည်ကြီး ချယ်ဆီး၊ စပါးတို့ကို နိုင်ပွဲရအောင် စွမ်းဆောင်ထားနိုင်တာကြောင့် ရှက်ဖီးလ်ရဲ့ ကစားဟန် သာမန်အောက်ရောက်ပြီး အဆုံးသတ်ပိုင်းအားနည်းရင် ရှုံးပွဲကြုံတွေ့နိုင်တယ်။

### မန်ယူ Vs ဖူလ်ဟမ်

မန်ယူနဲ့ ဖူလ်ဟမ်အသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

| | | | |
|---|---|---|---|
| ဖူလ်ဟမ် | ၀ - ၁ | မန်ယူ | ပရီမီယာလိဂ် |
| မန်ယူ | ၂ - ၁ | ဖူလ်ဟမ် | ပရီမီယာလိဂ် |
| မန်ယူ | ၃ - ၁ | ဖူလ်ဟမ် | အက်ဖ်အေ |

ဖူလ်ဟမ်က ခြေစွမ်းထက်လာတဲ့ မန်ယူကို ရင်ဆိုင်သွားရမှာပါ။ မန်ယူမှာ အဓိက တိုက်စစ်ကစားသမား ဟွိုက်လန်းအပြင် တွန်မီနေး၊ ဂါနာချိုတို့ ခြေစွမ်းကောင်းတွေ ပြသထားနိုင်တာကြောင့် ဖူလ်ဟမ်အသင်းခံစစ်က ထိန်းချုပ်ဟန့်တားဖို့ ခက်မယ်။ ဒါပေမယ့် ဖူလ်ဟမ်အသင်းမှာ ပွဲရလဒ်ကို အချိန်မရွေးပြောင်းလဲနိုင်တဲ့ ပါရဲရား၊ ဝီလီယံ၊ မူးနစ်စတဲ့ ထိပ်တန်းကစားသမားတွေရှိတာ သတိပြုရမယ်။ မည်သို့ပင်ဆိုစေ မန်ယူက လာမယ့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အမှားခံလို့ မရတာကြောင့် ဖူလ်ဟမ်ကို မဖြစ်မနေနိုင်ပွဲရဖို့ ကြိုးစားလာမှာပါ။

### အာဆင်နယ် Vs နယူးကာဆယ်

အာဆင်နယ်နဲ့ ကာဆယ်အသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

| | | | |
|---|---|---|---|
| ကာဆယ် | ၁ - ၀ | အာဆင်နယ် | ပရီမီယာလိဂ် |
| ကာဆယ် | ၀ - ၂ | အာဆင်နယ် | ပရီမီယာလိဂ် |
| အာဆင်နယ် | ၀ - ၀ | ကာဆယ် | ပရီမီယာလိဂ် |

ဦးဆောင်သူ လီဗာပူးကို ထက်ကြပ်မကွာဖိအားပေးနိုင်ဖို့ အာဆင်နယ်အနေနဲ့ ကာဆယ်ကို နိုင်ပွဲရဖို့ လိုအပ်နေတယ်။ အာဆင်နယ်က ကြားရက်မှာ ချန်ပီယံလိဂ်ကစားထားရတာကြောင့် ပွဲပန်းနေနိုင်တယ်။ အာဆင်နယ်က ဒီရာသီမှာ အဝေးကွင်းထက် အိမ်ကွင်းစွမ်းဆောင်ရည် သာလွန်မှုရှိတယ်။ ပြိုင်ဘက်ကာဆယ်က လိဂ်အဝေးကွင်း ၁၂ ပွဲမှာ ၁၁ မှတ်သာ စုဆောင်းထားနိုင်တာကြောင့် အိမ်ကွင်းထက် အဝေးကွင်းစွမ်းဆောင်ရည် အတော်လေး အားနည်းတယ်။ ဒါကြောင့် ကာဆယ်ထက် အာဆင်နယ်အသင်းရဲ့ ရှန်းအားကို ကြည့်ရမယ်။

### ဝက်စ်ဟမ်း Vs ဘရန့်ဖို့ဒ်

ဝက်စ်ဟမ်းနဲ့ ဘရန့်ဖို့ဒ်အသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

| | | | |
|---|---|---|---|
| ဘရန့်ဖို့ဒ် | ၃ - ၂ | ဝက်စ်ဟမ်း | ပရီမီယာလိဂ် |
| ဘရန့်ဖို့ဒ် | ၂ - ၀ | ဝက်စ်ဟမ်း | ပရီမီယာလိဂ် |
| ဘရန့်ဖို့ဒ် | ၀ - ၁ | ဝက်စ်ဟမ်း | အက်ဖ်အေ |

ဘရန့်ဖို့ဒ်က တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှု ငါးမှတ်သာရှိတာကြောင့် ဝက်စ်ဟမ်းအသင်းထက် နိုင်ပွဲရဖို့ လိုအပ်နေတယ်။ ဒါ့အပြင် ဝက်စ်ဟမ်းက နောက်ဆုံးပွဲဆက်မှာ ဂိုးပြတ်တွေချည်း ရှုံးနိမ့်ထားပြီး ပြိုင်ဘက်ကို ဂိုးသွင်းယူထားနိုင်ခြင်း မရှိဘူး။ ဘရန့်ဖို့ဒ်က ကြားရက်မှာ ပွဲကျန်အဖြစ် ကစားခဲ့တဲ့ မန်စီးတီးနဲ့ ပွဲဆိုရင် ပြိုင်ဘက်ကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့တာ တွေ့ရတယ်။ မည်သို့ပင်ဆိုစေ ဝက်စ်ဟမ်းက ခက်ခက်ခဲခဲ ကစားပြီးနိုင်ဖွယ်ရာရှိပေမယ့် ပြိုင်ဘက်ကစားပုံအောက် ဟန်ချက်ပျက်ခဲ့ရင် မထင်မှတ်ဘဲ ရှုံးနိမ့်သွားနိုင်တယ်။

**မိုးစက်**

# တရားမဝင် Online လောင်းကစားဂိမ်းများနှင့် ငွေကြေးလိမ်လည်မှုများပြုလုပ်နေသည့် ထိုင်းနိုင်ငံသူ နိုင်ငံသား ၁၄၈ ဦး၊ တရုတ်နိုင်ငံသား တစ်ဦးနှင့် မြန်မာနိုင်ငံသူ နိုင်ငံသား ၅၄၀ စုစုပေါင်း ၆၈၉ ဦးတို့အား ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တရားမဝင် Online လောင်းကစားဂိမ်းများနှင့် ငွေကြေးလိမ်လည်မှုများ ပြုလုပ်နေသည့် ထိုင်းနိုင်ငံသူ နိုင်ငံသား ၁၄၈ ဦး၊ တရုတ်နိုင်ငံသား တစ်ဦးနှင့်မြန်မာနိုင်ငံသူ နိုင်ငံသား ၅၄၀ စုစုပေါင်း ၆၈၉ ဦးတို့ကို ယနေ့ နံနက်ပိုင်းတွင် တာချီလိတ်မြို့၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တရားမဝင် Online လောင်းကစားဂိမ်းများနှင့်ငွေကြေး လိမ်လည်သူများသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် တိုးနယားလမ်းရှိ ကျော်သိန်း(ခ) ခွန်မောင်ညို ပိုင်ဆိုင်သော ခြံဝင်းအတွင်း၌ တရားမဝင် Online ဂိမ်းများနှင့် ငွေကြေး လိမ်လည်မှုများ ပြုလုပ်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်း ပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ယနေ့နံနက် ၅ နာရီ ၁၅ မိနစ်ခန့်တွင် ဝင်ရောက်ရှာဖွေစစ်ဆေးရာ ထိုင်းနိုင်ငံသူ နိုင်ငံသား ၁၄၈ ဦး၊ တရုတ်နိုင်ငံသား တစ်ဦးနှင့် မြန်မာ နိုင်ငံသူ နိုင်ငံသား ၅၄၀ စုစုပေါင်း ၆၈၉ ဦးတို့ကို မော်တော်ယာဉ် ရှစ်စီး၊ မော်တော်ဆိုင်ကယ် အစီး ၁၂၀၊ Online ဂိမ်းလုပ်ကိုင်ရာတွင် အသုံး ပြုသည့် Desktop ကွန်ပျူတာများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



တရားမဝင် အွန်လိုင်းဂိမ်းနှင့်ငွေကြေးလိမ်လည်သူများ နေထိုင်သည့် အဆောက်အဦ။



တရားမဝင် အွန်လိုင်းဂိမ်းနှင့်ငွေကြေးလိမ်လည်သူများ အသုံးပြုသည့် Desktop ကွန်ပျူတာများ။

ယခုကဲ့သို့ ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံသားများနှင့် တရုတ်နိုင်ငံသား တို့အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးသွားမည်ဖြစ် ကြောင်းနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအား တရားဥပဒေ အတိုင်း ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## ပြည်မြို့၌ တည်းခိုနေသည့် ရခိုင်တိုင်းရင်းသား ၂၀ ထက်မနည်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တည်းခိုခန်းများတွင် ဖေဖော်ဝါရီ ၂၂ ရက်က ညှော့စာရင်းစစ်ဆေး ပြီး ရခိုင်တိုင်းရင်းသားမှတ်ပုံတင် ကိုင်ဆောင်သူ ၂၀ ကျော်ကို လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီး သွားကြောင်း အထင်အမြင် လွဲမှားဖွယ် ကောလာဟလ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ DVB က လူမှု ကွန်ရက်စာမျက်နှာတွင် မဟုတ် မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက် ၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိ သူတစ်ဦး၏ ပြောကြားချက် အရ ရခိုင် တိုင်းရင်းသား မှတ်ပုံတင်ကိုင်ဆောင်သူ ၂၀ကျော် ကို ဖမ်းဆီးသည်မှာ မှန်ကန်မှု မရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင် အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံ ရေးသားထားခြင်း ဖြစ်ကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သမားများဝင်ရောက် လှုပ်ရှားမှု မရှိစေရန်နှင့် ရပ်ရွာ အေးချမ်း သာယာရေးအတွက် တရားဥပဒေစိုးမိုးရေး လုပ်ငန်း များကို ရပ်ကွက်ကျေးရွာများ မှ အုပ်ချုပ်ရေး တာဝန်ရှိသူ များ၊ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ ညှော့စာရင်း စစ်ဆေးခြင်းများကို ပူးပေါင်း ဆောင်ရွက်လျက်ရှိသည် ကို တရားမဝင် ပြည်ဖျက်မီဒီယာ




များက အထင်အမြင် လွဲမှားစေရန် အတွက် ကောလာဟလသတင်း အမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံ ရေးသားဖြန့်ဝေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗန်းမော်မြို့အဝင် ၅ မိုင်ဂိတ်တွင် အရပ်သား ၁၄ ယောက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ကချင်ပြည်နယ် ဗန်းမော်မြို့အဝင် ၅ မိုင်ဂိတ်တွင် အရပ်သား ၁၄ ယောက်ကို လုံခြုံရေးတပ်ဖွဲ့ဝင် များက ဖမ်းဆီးထားကြောင်း၊ အဆိုပါ ဖမ်းဆီးခံရသူများသည် ဖေဖော်ဝါရီ ၁၈ ရက်က မံစီမြို့နယ် အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ နှင့် KIA၊ PDF အမည်ခံအကြမ်းဖက် သမားများ နှစ်ဖက်တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဗန်းမော် မြို့သို့ခေတ္တတိမ်းရှောင်လာသူများ ဖြစ်ကြောင်းနှင့် ပြည်သူ့စစ်မှုထမ်း ဥပဒေပြဋ္ဌာန်းပြီးနောက် ဖေဖော်ဝါရီ ၁၇ ရက်ကလည်း ယင်းဂိတ်တွင် ဖမ်းဆီးမှုများရှိကြောင်း ဒေသခံ ပြည်သူများ စိုးရိမ်ထိတ်လန့်စေ ရန်နှင့် အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ အချို့က မဟုတ်မမှန်ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဗန်းမော်မြို့နယ်မှ လုံခြုံရေးတာဝန် ရှိသူတစ်ဦး၏ ပြောကြားချက်အရ နယ်မြေလုံခြုံရေးနှင့် တည်ငြိမ် အေးချမ်းရေးအတွက် မြို့အဝင်၊ အထွက်နေရာများကို လုံခြုံရေး အရ စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်လျက် ရှိကြောင်းနှင့်




၎င်းအရပ်သား ၁၄ ယောက်ကို ဖမ်းဆီးထားသည်ဆိုသော သတင်း မှာလည်း မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

ဗန်းမော်မြို့နယ် အတွင်း အကြမ်းဖက်လုပ်ရပ်များကို လုပ် ဆောင်နေသည့် KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ သည် တိုက်ပွဲများတွင် ထိခိုက် သေဆုံးမှု များပြားခြင်းကြောင့် ဒေသခံ တိုင်းရင်းသားပြည်သူ များကို အတင်းအဓမ္မ လူသစ် စုဆောင်းလျက်ရှိသဖြင့် ဒေသခံ လူငယ်များမှ နီးစပ်ရာမြို့ကြီးများ သို့ ထွက်ပြေးတိမ်းရှောင်နေရ ကြောင်းနှင့် မိဘပြည်သူများ၊ လူငယ်လူရွယ်များ စိုးရိမ်ထိတ်လန့် စေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများမှ ကောလာ ဟလသတင်းမှားများကို ထုတ်လွှင့် နေခြင်းသာဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**


မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ – ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချီရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ – ၂ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| --- | --- | --- |
| ဒီဇယ်(တစ်လီတာ) | ၂၅၆၅ ကျပ် | ၂၆၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၁၀ ကျပ် | ၂၆၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၈၅ ကျပ် | ၂၉၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
| --- | --- | --- | --- | --- |
| FMI | ၈၄၀၀ | ၈၄၀၀ | ၂၁၆ | ၁၈၁၄၄၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၂၁၄၆ | ၆၃၂၅၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၂၃၉ | ၃၅၄၉၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၁၉၄၉ | ၃၃၁၅၇၅၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၀၀ | ၁၇၅၀ | ၁၀၁၀ | ၁၇၁၇၀၅၀ |

# အသိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီး ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့သည် ဘဏ္ဍာနှစ်အလိုက် အိမ်ခြံမြေတန်ဖိုး သတ်မှတ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် တန်ဖိုးသတ်မှတ်ပေးရန် တင်ပြမည့် လျှောက်လွှာများအား ၁၅-၃-၂၀၂၄ ရက် နောက်ဆုံးထားတင်ပြရန်ဖြစ်ပါသည်။

၁၅-၃-၂၀၂၄ ရက်အထိ လက်ခံထားပြီးသော တန်ဖိုးသတ်မှတ်လျှောက်လွှာများအား ၁၆-၃-၂၀၂၄ ရက်မှ ၂၂-၃-၂၀၂၄ ရက်နေ့အတွင်း ကွင်းဆင်းစိစစ်ဆေးပြီး တန်ဖိုးသတ်မှတ်မှုများ ဆောင်ရွက်မည်ဖြစ်ပါသည်။

တန်ဖိုးသတ်မှတ်ပြီးပါက ၂၅-၃-၂၀၂၄ ရက်မှ ၂၉-၃-၂၀၂၄ ရက်အထိ ကာလအတွင်း အခွန်ထမ်းများမှ ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်များ ပေးသွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တန်ဖိုးသတ်မှတ် လျှောက်လွှာလက်ခံအား ရက်သတ်မှတ်ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အိမ်ခြံမြေကာလတန်ဖိုးသတ်မှတ်ပေးရန် တင်ပြမည့်လျှောက်လွှာများအား ၁၅-၃-၂၀၂၄ ရက် ရုံးချိန်တွင်း ညနေ(၄:၃၀) နာရီအချိန် နောက်ဆုံးထား၍ အချိန်မီတင်ပြကြပါရန် လေးစားစွာအသိပေးအပ်ပါသည်။

**တိုင်းဒေသကြီးကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့**
**မန္တလေးတိုင်းဒေသကြီး**

## ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းမြို့နေ (ဘ) ဦးအောင်စိုး၏သား မောင်အောင်ချိုဦး ၁၄/အဂပ(နိုင်) ၁၆၁၃၇၄၏ နိုင်ငံကူးလက်မှတ် အမှတ် 630007 မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၄၇၈၂၄၈**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

နတ်မောက်မြို့နယ် သစ်လှကျင်းကျေးရွာအုပ်စု၊ ထနောင်လှရွာနေ ကိုကျော်မင်းနိုင် (ဘ) ဦးခင်မောင်မြင့် ၈/နမန(နိုင်)၂၅၇၀၅၉၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၆၂၉၇၅၄၅**

## ဖခင်နှင့်မိခင်အမည်မှန်

ကျောက်မဲမြို့နယ်၊ ဂုဏ်ရည်ထူးအောင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10မှ မအက်စတာမျိုးမင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းနောင် (ခ)သူရနောင် ၉/မမန(နိုင်)၀၈၃၈၄၅ ဖြစ်ပြီး မိခင်အမည်မှန်မှာ မဥမ္မာ ၁၃/ ကမန(နိုင်)၀၆၀၂၁၉ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

နတ်မောက်မြို့နယ်၊ သစ်လှကျင်းကျေးရွာအုပ်စု၊ ထနောင်လှရွာနေ ကိုဝင်းဦး(ဘ)ဦးကြီးလှ ၈/နမန(နိုင်)၁၉၄၇၉၃ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၆၂၇၈၉၈၇**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

တောင်တွင်းကြီးမြို့၊ အုန်းတော (၁)၊ အပိုင်း (၅)နေ ဦးအာကာမင်း (ဘ)ဦးအေးချမ်း ၈/တတက(နိုင်) ၂၄၂၈၄၈၏ နိုင်ငံကူးလက်မှတ် MC-292498 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၄၄၂၅၂၆၆**

## ပတ်စ်ပို့ပျောက်

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၂၀)နေ မောင်ဝူကျားလုံ (ဘ) ဦးကွေးမင် ၁၃/လရန(နိုင်)၀၇၈၀၄၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-215277) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၄၅၉၅၂၈၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၆၊ ဦးပိုင်အမှတ်(၇၀+၇၁)/၅၇x ၅၈ကြား၊ လမ်း ၃၀ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းလွင် ၅/ဝလန(နိုင်)၀၃၃၉၃၅ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၃၆၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအိုက်ကြီး ၁၃/လရန(နိုင်)၀၇၃၆၇၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ဦးကျန်တာ၏ သမီး မနန်းဝါ ၁၃/ဟပတ(နိုင်) ၀၂၄၄၀၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၆၈၆၆၈၃၄**

## အမြန်ဆက်သွယ်ပါ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ကျွန်မ ဒေါ်ယဉ်ယဉ်လှဲ့၏ သမီးဖြစ်သူ မအိမ့်ချစ်ဇော် Grade-11 အသက်(၁၆)နှစ်သည် ၂၀-၂-၂၀၂၄ ရက်တွင် စာမေးပွဲဖြေဆိုပြီး အိမ်ပြန်မရောက်လာပါသဖြင့် မိခင်ဖြစ်သူမှာ စိတ်သောက ရောက်နေရပါသည်။ အမြန်ဆက်သွယ်ပေးပါရန်။

**မိခင်-ဒေါ်ယဉ်ယဉ်လှဲ့ ၁၂/ဥကမ(နိုင်)၁၅၆၂၂၅၊ ဖုန်း-၀၉- ၄၅၀၀၂၄၆၅၃**

## ပျောက်ဆုံးခြင်း

ကျွန်မ ဒေါ်ညိုညို (ISN-၅၄၇၇၂၅)၏ မိခင် ဒေါ်လှအမည်ပေါက်ဂရန်မူရင်း၊ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်မူရင်း၊ မြေပုံရာဇဝင်စာရွက်မူရင်း၊ အိမ်ထောင်စုစာရင်းမူရင်း၊ ဦးသိန်းမင်း၊ ဦးသိန်းဇော်၊ ဒေါ်နှင်းမာလာချို အမည်ပါမွေးစာရင်း (၃)ရွက်နှင့် အိမ်ရှင်အိမ်ငှားစာချုပ် မူရင်း (၈)စောင်ပါသော အိတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၅၄၆၈၆၃၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၄၉၊ ဦးပိုင်အမှတ်(၁၆)၊ ၁၉x၂၂လမ်းကြား၊ ၅၈လမ်းနှင့် မြို့ပတ်လမ်းကြားရှိ ဦးသီလှ အမည်ပေါက် ဂရန်မြေကွက်အား မန္တလေးခရိုင် တရားရုံး(ယခင် တရားမဇာရီမှုအမှတ် ၉၆/၂၀၁၄၊ (ယခု တရားမဇာရီမှုအမှတ် ၁၀/၂၀၂၂) တရားနိုင် ဒေါ်မြင့်မြင့် ပါ(၆)နှင့် တရားရှုံး ဒေါ်တင်ပု ပါ(၈)အမှုတွင် တရားမ ကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်းဥပဒေ ၉၄ အရ မရွှေ့ပြောင်းနိုင်သောပစ္စည်းကို ရောင်းကြောင်းလက်မှတ်စာကို (၂၀-၅-၂၀၂၂)ရက်စွဲ(တရားမ ပုံစံ၁၀၆)ဖြင့် ဝယ်ယူခဲ့သူ ဦးဆန်နီ ၉/မနမ(နိုင်)၀၆၂၅၅၉ ကအမှုတွဲအမှတ် ၇၄၈၈/၂၀၂၃-၂၀၂၄ရက်ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ် င-၆၊ ဦးပိုင်အမှတ် (၁၁၄-က)၊ ၆၂x၆၄ ကြား၊ ခိုင်ရွှေဝါxမနော်ဟရီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ရွှေ R/RGN-၀၀၁၇၉၆၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၂x၂၀၀၀)ဖြင့် လွှဲအပ်ခြင်းခံရသူ မဆိုက်လန် ၁၃/ကခန(နိုင်)၀၁၈၆၂၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ် စ-၅၊ ဦးပိုင်အမှတ် (၈၄)၊ ၆၇ လမ်း၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ဝင်း ၁၃/ကမန(နိုင်)၀၅၈၁၁၂၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၁၄၆၀/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်မောင်ဝင်း ၉/မရတ(နိုင်)၀၄၆၈၃၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဘောဂလမ်း၊ ခြံအမှတ်(၃၉)၊ အိမ်အမှတ်(၁၄၆)နေ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ညိုညို (ISN-၅၄၇၇၂၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဒေါ်ညိုညိုနှင့် ၎င်း၏သားဖြစ်သူ ဦးသိန်းမင်း ၁၂/သဃက(ပြု)၀၀၃၁၇၆ တို့သည် စိတ်အခန့် မသင့်ဖြစ်၍ ဒေါ်ညိုညိုမှ သတင်းစာများတွင် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့ပါသည်။ ယခုမူ သားဖြစ်သူ ဦးသိန်းမင်းမှ မိဘကျေနပ်သည်အထိ တောင်းပန်ခဲ့ပြီး သားသမီးဝတ္တရား ကျေပွန်စွာနေထိုင်ပါသောကြောင့် ဦးသိန်းမင်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအားရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ညိုညို** | **ဦးပြည့်ဖြိုးအောင်(LL.B)** |
| | **စဉ်-၅၀၇၅၅** |
| | **အမှတ် ၂၈၊ ပြည်တော်သာလမ်း** |
| | **သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း-၀၉-၇၉၆၉၇၉၇၁၂** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဆ ရပ်ကွက်၊ အကွက်အမှတ် ၃၃-၁၈၊ ဦးပိုင်အမှတ် (၂၆)၊ ၅၈x၅၉ ကြား၊ ဗန္ဓုလနှင့် အေးမေတ္တာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီသီဝင်း ၁၃/တခလ(နိုင်)၀၀၄၂၅၆ ၏ အထူးကိုယ် စားလှယ်လွှဲစာအမှတ် (၂၉၃၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးဇေယျာလွင် ၅/ကလထ(နိုင်)၁၄၉၁၇၄ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ် ၆၂၆၊ ဦးပိုင်အမှတ် (၄၈)၊ ၃၁ လမ်း၊ ၇၆x၇၇ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးသောင်းတင် ၁၂/ကမတ(နိုင်)၀၄၀၈၁၁၏ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ် (၇၅/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်တော်အဟောင်(ခ)ခင်မာကြည် ၉/မရတ(နိုင်)၁၀၆၃၄၇က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်နေ ဒေါ်ယဉ်သီတာမြင့် ၁၂/ဒပန(နိုင်)၀၃၂၉၅၀ ၏ သမီး ဖြစ်သူ မနန္ဒာဝင်း ၁၂/ဒဂမ(နိုင်)၀၃၂၄၂၉ သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော လုပ်ရပ်အမျိုးမျိုးကြောင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**(မေးမြန်းခြင်းသည်းခံပါ။)**

မိခင် - ဒေါ်ယဉ်သီတာမြင့်
၁၂/ဒပန(နိုင်)၀၃၂၉၅၀

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့်၊ River View Point ကွန်ဒိုရှိ တိုက်အမှတ်(A)၊ အခန်းအမှတ်(606)၊ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိကိုယ်တိုင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နွယ်နီစမ်း (၉/မနမ(နိုင်)၀၉၆၈၃၅)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီး သတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း (LL. B)** |
| **LL. B, A.G.T.I (EP), D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၃၂)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)** | |
| **ဒေါ်ချယ်ရီလှိုင် (LL. B)** | **ဦးစိုးလွင်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း- ၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊**
**၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာ(၃)လမ်းအရှေ့၊ မြေကွက်အမှတ်(၁၅၀/ခ) ဟုခေါ်တွင်သော မြေအကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း၊ မြေ အလျားxအနံ (၁၀ ပေ x ပေ ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိဆောက်လုပ်ထားသော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်များဖြစ်သော ဦးမောင်ငယ်-ဒေါ်သောင်းတို့ကွယ်လွန်သဖြင့် အမွေဆက်ခံခွင့်ရှိသည့်သားသမီး(၁၀)ဦးအနက်မှ မိသားစုသဘောတူညီချက်ဖြင့် ရရှိပိုင်ဆိုင်ခဲ့ကြသော သားသမီး(၅)ဦး ဖြစ်သည့် ဦးမြင့်ကြွေ၊ ဦးမြင့်ဝေ၊ ဒေါ်မြင့်မြင့်စိန်၊ ဦးမင်းချစ်သူ၊ ဒေါ်သင်းသင်းမြင့်တို့မှ ပူးတွဲပိုင်ဆိုင်လာခဲ့ကြပြီး ဒေါ်သင်းသင်းမြင့် (TKA.၀၇၃၄၄၈)သည် မိဘများဖြစ်သော ဦးမောင်ငယ်-ဒေါ်သောင်းတို့အတွက် အလှူဒါနများပြုလုပ်ပေးခဲ့သည့်အပြင် ကျန်မောင်နှမများဖြစ်သည့် ဦးမြင့်ကြွေ (၁၂/သကတ(နိုင်)၀၅၀၂၂၄)နှင့် ဦးမြင့်ဝေ (၁၂/သကတ(နိုင်)၀၄၉၂၈၄)တို့အား (၃၀-၆-၂၀၂၃)နေ့စွဲပါ "နှစ်ဦးနှစ်ဖက်သဘောတူညီမှုဆိုင်ရာဝန်ခံကတိစာချုပ်"(၂)စောင်ဖြင့်လည်းကောင်း၊ ဒေါ်မြင့်မြင့်စိန် (ကွယ် လွန်)၏သားတစ်ဦးဖြစ်သော ဦးထွန်းမင်းကျော် (၁၂/မဘန(နိုင်)၀၂၆၈၅၈)အား (၂၇-၆-၂၀၂၃) နေ့စွဲပါ "နှစ်ဦးနှစ်ဘက် သဘောတူညီမှုဆိုင်ရာ ဝန်ခံကတိစာချုပ်"နှင့် ဒေါ်မြင့်မြင့်စိန်(ကွယ်လွန်)၏သမီး တစ်ဦးဖြစ်သော ဒေါ်စန္ဒာနွယ် (၇/မညန (နိုင်)၀၇၅၄၁၇)နှင့် ဦးမင်းချစ်သူ(ကွယ်လွန်)၏သားဖြစ်သူ မောင်လင်းလက်အောင်(ကိုယ်စား) ၎င်း၏မိခင်ဖြစ်သူ ဒေါ်စန္ဒာ လင်း (၁၂/ခရန(နိုင်)၁၀၁၄၀၁)တို့အား (၄-၅-၂၀၂၃) နေ့စွဲပါ "နှစ်ဦးနှစ်ဖက်သဘော တူညီမှုဆိုင်ရာ ဝန်ခံကတိစာချုပ်"ဖြင့် လည်းကောင်း စာချုပ်များအသီးသီးချုပ်ဆိုကာ အထက်ပါအိမ်ခြံမြေထဲမှ ၎င်းတို့ရသင့်ရထိုက်သည့် အမွေဝေစုငွေကြေး များကို ခွဲဝေအမ်းပေးခဲ့ပြီး အိမ်ခြံမြေအား လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် အဆိုပါအိမ်ခြံမြေသည် ဦးမြင့်ကြွေ၊ ဦးမြင့်ဝေ၊ ဒေါ်မြင့်မြင့်စိန်(ကွယ်လွန်)၊ ဦးမင်းချစ်သူ(ကွယ်လွန်)တို့အပါအဝင် ၎င်းတို့၏ မိသားစုဝင်များနှင့် မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါသောကြောင့် အထက်ပါမြေကွက်+အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းမြင့် တစ်ဦးတည်းကသာ တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၂၇၇၇၇၁၂**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/63138,Suzuki Smash 112,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်နီလာထွန်း ၈/အလန(နိုင်)၁၅၃၉၆၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ နယ်မြေ(၁)၊ ဦးပိုင်အမှတ်(၈၉-ခ)၊ မြေကွက်အမှတ် (၁၂၀/၁၇၇) နေ ဦးဇော်လွင်မြင့် (၃/လဘန(နိုင်)၀၂၇၆၈၆)မှ (အလျား ၁၁'-၀"x အနံ ၅၀'-၀") RC (၁)ထပ် Slab အမိုး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက် လုပ်ခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဆရပ်ကွက်၊ အကွက်အမှတ် ၃၃-၁၈၊ ဦးပိုင်အမှတ်(၂၇)/ ၅၈x ၅၉ကြား၊ ဗန္ဓုလနှင့် အေးမေတ္တာလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သီသီဝင်း ၁၃/တခလ(နိုင်)၀၀၄၂၅၆ ၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၂၉၃၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးဇေယျာလွင် ၅/ကလထ(နိုင်)၁၄၉၁၇၄ က ဂရန်စာချုပ်တင်ပြ၍မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေး ကော်မတီ**

## ပျောက်ဆုံးကြောင်း

ဟုမ္မလင်းမြို့၊ နောင်ပကျစ်ရပ်ကွက်နေ ဦးစံလှဖေ၏ သမီး မမင်းမင်းလတ် ၅/ဟမလ (နိုင်)၀၅၅၄၉၄ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MB-907069 မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၇၅၅၂၈၁**

## ပတ်စ်ပို့ပျောက်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ တောင်ကလေးကျေးရွာအုပ်စု၊ ထန်းသုံးပင်ကွက်သစ်ကျေးရွာနေ နမ့်ခိုင်ဇာဦး (ဘ) မန်းခင်မောင်ကြည် ၁၄/ပငတ(နိုင်)၂၅၂၂၃၁ ၏ နိုင်ငံကူးလက်မှတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၆၈၆၇၃၅၄**

## မင်္ဂလာဆဲ့ခံပွဲကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ အိမ်အမှတ်(၉/၁၂၅)နေ
ဦးထွန်းထွန်းအောင်+ဒေါ်ဝတ်လှိုင်ထွန်းတို့၏တူ
(ဦးသောင်းညွန့်+ဒေါ်နှင်းနွယ်)တို့၏သား

### မောင်အောင်ကျော်ဦး

နှင့်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြန်မာနန်း(၃)လမ်းနေ
ဦးဘိုဘိုထွန်း + ဒေါ်ချစ်စုအေး
(Aye Kabar Tun Family Co.,Ltd) တို့၏သမီး

### မအေးနန္ဒာထွန်း

၂၂-၂-၂၀၂၄ ရက်(ကြာသာပတေးနေ့)တွင် မြဝတီမြို့ ကျောက်လုံးကြီးဓမ္မရိပ်သာ၌ ကျင်းပပြုလုပ်သော မင်္ဂလာဆဲ့ခံပွဲအခမ်းအနားတွင်မင်္ဂလာလက်စွပ် တက်ရောက်ချီးမြှင့်ပေးပါသော မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)ဦးစိန်သောင်း ဇနီး ဒေါ်ခင်သန်းငွေ၊ မင်္ဂလာအောင်စပယ်ကုန်းတက်ရောက် ချီးမြှင့်ပေးပါသော မြဝတီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးအောင်မင်းစိုး ဇနီး တရားလွှတ်တော်ရှေ့နေ ဒေါ်စိမ့်စိမ့်ဖြိုး အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးစောပြည့်စုံစိုးနှင့် မင်္ဂလာပွဲကိုတက်ရောက်၍ ကူညီဆောင်ရွက်ပေးကြသော နှစ်ဖက်မိဘများနှင့်ဆွေမျိုးအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်မိဘများနှင့်**
**မောင်အောင်ကျော်ဦး + မအေးနန္ဒာထွန်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ အထက (ခမုံဆိပ်)Grade-10(A)မှ မအင်ကြင်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်မိုး ဖြစ်ပါကြောင်း။

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ ကွေ့ကြီးရွာနေ ဦးမျိုးတင့်၏သမီး မဆုမွန်အေး ၇/နတလ(နိုင်)၁၃၅၅၆၇ ၏ အမည်မှန်မှာ မစုမွန်အေးဖြစ်ပါကြောင်း။

**မစုမွန်အေး**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ် အ-ထ-က(ခွဲ) ရေလဲမှန်ပင်ကျောင်းမှ မောင်မင်းထိုက်စံ၏ ဖခင်အမည်မှန်မှာ ဦးချစ်ရွှေ ၅/ဆလက(နိုင်)၀၁၃၅၃၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/18194 ယာဉ်လက်ဝယ်ရှိသူ ဦးတိုးဝေလင်း ၇/တငန(နိုင်)၁၈၆၄၀၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ပန်းစက္ကူလမ်း၊ ကွင်း/အကွက်အမှတ်(၆/မြမာလာရပ်)၊ ဦးပိုင်အမှတ်(၆၃က)၊ ဧရိယာ(၀.၀၉၉)ဧကရှိဝင်းမြေအား ဦးလားဗျက်ကုံးငါ(ဘ)ဦးဇန်နိုပ်ပြန်းငါ(၅/ကလထ (နိုင်)၁၂၈၉၈၄၊ ဒေါ်ရွှေသင်ပါရ်(ဘ)ဦးတွန်ထန်း ၅/ကလထ(နိုင်)၁၅၈၉၉၄ တို့က ၎င်းတို့အမည်ဖြင့် မြေဂရန် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင် စာချုပ်စာတမ်း မူရင်းများစသည့်အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလားဗျက်ကုံးငါ-ဒေါ်ရွှေသင်ပါရ်တို့ ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၁၆/၂၀၁၃)**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့။**
**ဖုန်း-၀၉-၄၇၀၇၂၂၁၁၊ ၀၉-၂၅၉၁၆၉၃၄၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ဇေယျာဝတီ(၇)လမ်း၊ မြေကွက်အမှတ်-၂၂၂၁ ပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက်၏ စတုတ္ထထပ်(၅လွှာ) တိုက်ရှေ့မျက်နှာမူလျှင် လက်ယာဘက်ခြမ်း)၊ ဧရိယာ (၉၇၂စတုရန်းပေ)ကျယ်ဝန်းသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဟိန်းထက်အောင်(၁၂/ပဇတ(နိုင်)၀၃၃၅၃၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးသန်းအေးလှိုင်(၁၁/ကတန(နိုင်)၁၀၈၀၇၃)နှင့် ၎င်း၏ဇနီး ဒေါ်ဖြိုးဖြိုးကျော်(၁၁/ကတန(နိုင်)၁၀၃၈၄၆)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန် အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းအေးလှိုင်နှင့် ဒေါ်ဖြိုးဖြိုးကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်အေးဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊မြေညီထပ်၊ မာဃလမ်းမ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၈)လမ်း၊ တိုက်အမှတ်(၄၃၂)ရှိ (၃)ခန်းတွဲ (၃)ထပ်တိုက်၏ မြေညီထပ်ခြေရင်းဘက်ရှိတိုက်ခန်းနှင့် ၎င်း(၃)ထပ်တိုက်၏ အပေါ်ဆုံး(၃)လွှာတိုက်ခန်း(ခေါင်မိုးစလက်ပြင်တစ်ပြင်လုံးနှင့် စလက်ပြင်ပေါ်သို့တက်သည့်လှေကားအပါအဝင်)၎င်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဒေါ်လော်လေးတိန် ၁၂/ဗတထ(နိုင်)၀၃၁၄၉၀၏ကိုယ်စား ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၀၀၈/၂၀၁၈အရ ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်ခင်လေးမြင့် ၁၂/လသန(နိုင်)၀၀၀၁၁၉က တာဝန်ယူလက်မှတ်ရေးထိုးရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ တိုက်ခန်း(၂)ခန်းအား အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုး၏ငွေအချို့ကို စရန်ငွေအဖြစ် ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ(၁၈)ရက်တွင် ပေးချေပြီးဖြစ်ရာ အဆိုပါအခန်း အပေါ်တွင်ပိုင်ရေးဆိုခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေဖြိုး (LL.B, DBL, DML, DIPL, WIPO SWITZERLAND) တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၆၈၀၁ )**
**အမှတ်(၇၉၁)၊ (၅)လွှာ၊ ဘုန်းကြီးလမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၅၀၁၆၁၂၈ ၊ Email -hwp.associates@gmail.com**

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/8069, NISSAN UD CV48 YZ, TRUCK (8x4)R (T/S) ယာဉ်လက်ဝယ်ရှိသူ ဦးထီဝင်း ၈/မမန(နိုင်)၀၈၃၀၆၇က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/5183, Toyota Hilux Surf K2N 185 ,S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းဦး ၅/မရန (နိုင်)၁၂၆၉၇၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့် ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3R/7578, HONDA FIT SHUTTLE GP2, S/W(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးထက်ကို ၅/စကန(နိုင်)၂၆၁၁၄၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
## ဘီးလင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂

ဦးဝေယံဦး နှင့် ဒေါ်ယုနန္ဒာ
**တရားလို** **တရားပြိုင်**

ဘီးလင်းမြို့နယ်၊ ကျောက်ရေတွင်းကျေးရွာအုပ်စု၊ ဆင်စုကျေးရွာနေ ဒေါ်ယုနန္ဒာ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝေယံဦးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသည့် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းနှင်းဝေ)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဘီးလင်းမြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၁၃၂၇၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## "အများသိစေရန် အသိပေးကြေညာခြင်း"

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ မုံရွာတောင်ညောင်ရိပ်သာရပ်၊ ပိတောက်လမ်းတွင် တည်ရှိသော အလျား(၁၁)ပေ၊ အနံ(၅၅)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းဇော်အောင် (ဘ) ဦးသောင်း ၅/မရန(နိုင်)၀၇၇၅၅၅ မှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၂၆)ရက်စွဲဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော ဝင်းမြေကွက်ဖြစ်ပါ သည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းဇော်အောင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်း တစ်စုံတစ်ရာဖြင့်လွှဲပြောင်းခြင်း မပြုလုပ်ပါရန်နှင့် ထိုသို့ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းဇော်အောင်၏ လွှဲအပ်ချက်အရ-**
**ဒေါ်အိမြတ်သူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၆၄၁/၁၉)**
**ခံတောရပ်ကွက်၊ အလုံ၊ မုံရွာမြို့။ ဖုန်း-၀၉-၂၅၃၇၆၈၀၆၃**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပခုက္ကူမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးဆန်းဝင်း ၈/ခမန(နိုင်)၀၀၃၂၀၄-ဒေါ်လှလှ ၈/ခမန(နိုင်)၂၀၉၃၈၄ တို့၏သမီး မစုမြတ်နိုင် ၈/ခမန(နိုင်)၂၁၄၂၂၉ သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများကိုတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဆန်းဝင်း-ဒေါ်လှလှ**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ သပြေချောင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် ကြေးပြင်ကွင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၇၄/၁)၊ မြေအမျိုးအစား ယာမြေ၊ ဧရိယာဧက(၈.၁၂)ဧကရှိ ဦးအောင်ရှိန်အမည်ပေါက် မြေကွက်နှင့် ထိုမြေပေါ်ရှိ သီးပင်စားပင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တပ်ကုန်းမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် ဦးအောင်ရှိန်အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေနှင့်မြေပေါ်ရှိ သီးပင်စားပင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးအောင်ရှိန်(ဘ)ဦးထွန်းမြိုင် (၉/တကန(နိုင်)၀၇၈၄၃၃)နှင့် ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ဂျမ်းစိန်(ဘ)ဦးမိုးလင်း(၉/တကန(နိုင်)၀၇၈၄၃၄)တို့မှ လက်ဝယ်ရရှိ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းကြောင်း၊ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်နှင့် ဝယ်ယူသူအမည်ပေါက်သည်အထိ လိုက်လံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းချက်ကို ဦးထွန်းထွန်းဝင်း(ဘ)ဦးခင်မောင်မြင့်မှ ယုံကြည်ပါသောကြောင့် (၁၆-၂-၂၀၂၄)ရက်နေ့တွင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ အထက်ဖော်ပြပါမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ဦးထွန်းထွန်းဝင်း၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူ တစ်ဦးတစ်ယောက်ကမျှ ရောင်းချပေါင်နှံခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ ဝင်ရောက်ကျူးကျော်ခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန်ကြိုတင်ကန့်ကွက်ပါကြောင်းနှင့် ထိုသို့ပြုလုပ်လာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်သက်တင်**
**တရားလွှတ်တော်ရှေ့နေ(စဉ် ၁၃၀၅၆)**
**ယောက်သွားအင်းအုပ်စု၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၉-၄၀၀၄၃၅၅၃၉၊ ၀၉-၉၇၀၉၇၇၁၃၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပခုက္ကူခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄

ရိုးမဘဏ်လီမိတက် နှင့် ၁။ ဒေါ်ငွေငွေလှိုင်
(၎င်း၏ကိုယ်စားဒေါ်မိုးမိုးစိုး၊ ဘဏ်မန်နေဂျာ၊ ၂။ ဒေါ်ကြည်သာစိုး
ရိုးမဘဏ်လီမိတက်၊ပခုက္ကူဘဏ်ခွဲ)
**တရားလို** **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်များဖြစ်သော အမှတ်(၁)တရားပြိုင် ဒေါ်ငွေငွေလှိုင်နှင့် အမှတ်(၂)တရားပြိုင် ဒေါ်ကြည်သာစိုး၊ ပခုက္ကူမြို့၊ အမှတ်(၈)ရပ်ကွက်၊ ရတနာပုံလမ်းနေ (ယခုနေရပ်လိပ်စာမသိ)သူတို့ သိရှိစေရမည်။

သင့်တို့အပေါ်၌ တရားလိုဖြစ်သူ ရိုးမဘဏ်လီမိတက်(၎င်း၏ကိုယ်စား ဒေါ်မိုးမိုးစိုး၊ ဘဏ်မန်နေဂျာ၊ ရိုးမဘဏ်လီမိတက်၊ ပခုက္ကူဘဏ်ခွဲ)က "ပိုင်ဆိုင်မှုစာချုပ်စာတမ်းများအပ်နှံသည့် ဘဏ်ပေါင်ချေးငွေအတွက် ဘဏ်ချေးငွေ အတိုးအရင်းပေါင်း (၁၅၅၄၄၁၆၅၁/၅၆ါး) (ကျပ်တစ်ထောင့် ငါးရာငါးဆယ့်လေးသိန်းလေးသောင်းတစ်ထောင်ခြောက်ရာငါးဆယ့်တစ်ကျပ်ငါးဆယ့်ခြောက်ပြား) တိတိအပေါ် အပေါင်ဒီကရီရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့ကိုယ်စားလှယ်ရုံးအခွင့် အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက် ၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိရှိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( သိန်းဝင်း )**
**ဒုတိယခရိုင်တရားသူကြီး**
**ပခုက္ကူခရိုင်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၂-၂၀၂၄ရက်နေ့က မြန်မာ့အလင်းသတင်းစာပါ စာမျက်နှာ(၂၁)ပါ (၁) ဦးအောင်ရှိန်- ဒေါ်ဂျမ်းစိန်ကြေညာချက်၊ (၂) ဦးထွန်းထွန်းဝင်း၏ ကြေညာချက်တွင် ဦးပိုင်အမှတ် မြေကွက်အမှတ်(၇၁/၁)အစား (၇၄/၁) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်သက်တင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၅၆)**
**ယောက်သွားအင်းအုပ်စု၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၉-၄၀၀၄၃၅၅၃၉၊ ၀၉-၉၇၀၉၇၇၁၃၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ မြူရုံးလမ်း၊ ရွာလည်ရပ်ကွက်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၁၇/က)၊ ဦးပိုင်အမှတ်(၇၈/ခ)၊ ဧရိယာ (၀.၄၅)ဧက၊ ကါရမ္မိကုလား အမည်ပေါက်မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်အိမ်အပါအဝင် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်စပ်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိသူ ဦးကံထူး ၁၄/ဝခမ(နိုင်)၀၀၈၅၆၂ ထံမှ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းဇော် ၁၄/ဝခမ(နိုင်)၁၅၀၅၀၆ မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)အထောက်အထားပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာအိ ( LL.B ,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၇၉/၃-၄-၂၀၁၂)**
**အမှတ်၁၂၈၁၊ မြူရုံးလမ်း၊ ရွာလည်ရပ်ကွက်၊ ဝါးခယ်မမြို့။**
**Ph-09-761517191**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၅)၊ မြေကွက်အမှတ် (၇၂၆) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစာရင်းတွင် ဦးအောင်မြင့်ဦး (ZLN-၁၁၂၁၉၆) အမည်ဖြင့် မှတ်သားတည်ရှိပြီး အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမင်းနိုင်(၉/မရတ (နိုင်) ၀၇၃၈၀၄)မှ လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ညိုညိုဝင်း ၁၂/မဘန(နိုင်)၀၀၀၇၃၃ မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်စိုးသီတာအေး LLB, WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၀)**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/29576, Honda CBR-150 ယာဉ်လက်ဝယ်ရှိသူ ဦးနေမင်းထွန်း ၉/ပမန(နိုင်)၂၇၆၇၁၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန
(နေပြည်တော်ရုံး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/67431,Honda-Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာအေး ၈/ပခက(နိုင်)၂၉၅၁၀၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ပခုက္ကူ)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၁၇/၂၀၂၃-၂၀၂၄)

၁။ စက်မှုဝန်ကြီးဌာန၊ ကစလ(၃)ရှိ ချည်အမျိုးမျိုးအား တင်ဒါအဆိုပြုလွှာများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

(က) ရွှေတောင် (ခ) စစ်ကိုင်း
(ဂ) မြစ်သား (ဃ) ပျော်ဘွယ်

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၂-၂၀၂၄ရက် (တနင်္လာနေ့)
**တင်ဒါပိတ်ရက်** - ၁၁-၃-၂၀၂၄ရက် (တနင်္လာနေ့)

၂။ **စုံစမ်းရန်** - ရောင်းချဖြန့်ဖြူးရေးဌာန၊ ကလစ(၃)
ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၂၀၃၊ ၀၆၇-၄၀၈၃၆၂

## Passport ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ဝဝန် (၁)လမ်း၊ အိမ်အမှတ် (၇၇၈)နေ (ဘ) ဦးမောင်စောမြ၏သမီး မမြတ်ကေခိုင် ၁၂/အစန(နိုင်)၂၄၇၇၆၄၊ Passport No. ME 164279 စာအုပ်မှာ ပျောက်ဆုံးကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဖြိုးသီဟ ၁၂/ဒဂတ(နိုင်)၀၃၈၈၅၃ ၏ နိုင်ငံကူးလက်မှတ် စာအုပ်(A 414836)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၃၇၄၁၅၄

## ပျောက်ဆုံးကြောင်း

ဦးညီဝင်းလှိုင်၏သား မောင်စည်သူပိုင်၏ နိုင်ငံသားစိစစ်ရေးကတ် ၁၄/မအန(နိုင်)၁၉၀၄၄၃သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၅၁၁၈၀၇
